# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၀၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ် ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ် ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ် ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် နှင့်အတူ ထိုင်းဘုရင့်လေတပ်မှ တပ်မတော်အရာရှိ ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူး Group Captain Jumphol Chantakamma တို့ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➡*





# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားဆောင်ရွက်မှုသည် နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့မှစတင်၍ နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကျရောက်သည့် လူ့အခွင့်အရေးနေ့အထိ ကျင်းပခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံတကာလှုပ်ရှားမှုသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ အန္တရာယ်ကို မီးမောင်းထိုးပြရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေး ဆောင်ရွက်မှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

ယနေ့ကမ္ဘာတွင် အမျိုးသမီးသုံးဦးလျှင် တစ်ဦးသည် ၎င်း၏ဘဝတစ်သက်တာအတွင်း အမျိုးသားတစ်ဦး သို့မဟုတ် အမျိုးသားအချို့၏ အကြမ်းဖက်ခြင်းကို ခံရနိုင်သည်ဟု ခန့်မှန်းထားကြသည်။ အမျိုးသမီးများ ရင်ဆိုင်ကြရသည့် အကြမ်းဖက်မှုများတွင် အိမ်တွင်းအကြမ်းဖက်မှု၊ ခင်ပွန်းသည်၏အဓမ္မပြုကျင့်မှု၊ လုပ်ငန်းခွင်နှင့် အများပြည်သူဆိုင်ရာနေရာများတွင် အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကာယိန္ဒြေပျက်စေမှု၊ နှောင့်ယှက်မှု စသည်ဖြင့် ပုံစံအမျိုးမျိုးရှိနိုင်ပြီး ရုပ်ပိုင်းအရ၊ စိတ်ပိုင်းအရ၊ စီးပွားရေးအရ၊ လိင်ပိုင်းဆိုင်ရာအရ စသည်ဖြင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေသည်။ အမျိုးသမီးအပေါ် အကြမ်းဖက်မှုကျူးလွန်သူသည် မိသားစုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းခွင်မှ ရင်းနှီးသူတစ်ဦးဦးက ကျူးလွန်လေ့ရှိကြသည်ကိုလည်း တွေ့ရသည်။ ထို့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံသစ်အဖြစ် အင်တာနက်အွန်လိုင်းအခြေပြု အကြမ်းဖက်မှုများလည်း ပေါ်ပေါက်လာသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် မိမိတို့နိုင်ငံတွင်လည်း စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်။ အကြမ်းဖက်မှုခံစားရသူအမျိုးသမီးများအနေဖြင့် မိသားစုဝင်များအပေါ် ငဲ့ညှာခြင်း၊ လူမှုရေးအရ အမည်းစက် ထင်ခံရမည်ဟု စိုးရွံ့ခြင်း၊ မိမိဘာသာရပ်တည်နိုင်စွမ်းမရှိခြင်း၊ မိမိတွင်လည်း အပြစ်ရှိသည်ဟု ခံယူခြင်း စသည်တို့အပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် လူသိရှင်ကြားထုတ်ဖော်ပြောကြားမှုမရှိသလို တရားမျှတမှုကို တောင်းဆိုခြင်းလည်းမရှိဘဲ တိမ်မြုပ်ပျောက်ကွယ်နေသည်ဟု ယူဆကြသည်။ ကိုဗစ်-၁၉ ကာလမတိုင်မီက ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြား အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ ၂၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ ဘဝတစ်လျှောက် အရင်းနှီးဆုံး အဖော်ဖြစ်သူ၏ အကြမ်းဖက်မှုပုံစံတစ်ခုခုကို တွေ့ကြုံခံစားဖူးကြပြီး ယင်းတို့အနက်မှ အနည်းငယ်မျှကသာ အကူအညီရယူခဲ့ကြသည်ဟု ဆိုသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ပြစ်မှုကျူးလွန်ခြင်းဖြစ်သလို လူ့အခွင့်အရေး ချိုးဖောက်ခြင်းလည်းဖြစ်သည်။ အကြမ်းဖက်မှုကျူးလွန်ခံရသူကိုသာမက ၎င်း၏ မိသားစုအပေါ်တွင် လည်းကောင်း၊ လူ့အဖွဲ့အစည်းအပေါ်တွင်လည်းကောင်း ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ အမျိုးသမီးများအပေါ် အိမ်တွင်း အိမ်ပြင် လုပ်ငန်းခွင် စသည့်နေရာအမျိုးမျိုး၌ ပုံစံအမျိုးမျိုးသော အကြမ်းဖက်မှုများ အဆုံးသတ်ပပျောက်သွားစေရန် အသိပညာပေးမှုများ၊ ဘက်ပေါင်းစုံမှ ဆွေးနွေးအဖြေရှာမှုများ၊ အကြမ်းဖက်မှုကို စက်ဆုပ်ရှုတ်ချသည့် ယဉ်ကျေးမှုနှုန်းစံ တည်ဆောက်မှုများဆောင်ရွက်ရာ၌ အမျိုးသားများက စိတ်ရောကိုယ်ပါ တက်ကြွစွာပါဝင်ဆောင်ရွက်ရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဆောင်ရွက်မှုကဏ္ဍစုံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ပြုလုပ်နိုင်ပါရန် တိုက်တွန်းနှိုးဆော်လျက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုကို ဂုဏ်ပြုကြိုဆိုအပ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်သွားရေး၊ မြန်မာ- တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

## အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့် သော်လည်းကောင်း၊ သင်္ကေတအားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များ တည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါစည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/(၅)စောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန်လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## Green Gold ကော်ဖီသမဝါယမအသင်းက ကော်ဖီများ အဋ္ဌမအကြိမ် ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့



ဟိုပုံး နိုဝင်ဘာ ၂၃


ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်၊ ဟိုပုံးမြို့နယ်ရှိ သမဝါယမ အသင်းသားများ စုပေါင်း ဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှပြည်ပသို့ ပို့ကုန်အဖြစ် ကော်ဖီ Green Bean တစ်အိတ်လျှင် 60 Kg ဖြင့် အဋ္ဌမအကြိမ် ကော်ဖီတန်ချိန် ၁၆ ဒသမ ၀၂ တန်ကို နိုဝင်ဘာ ၂၀ ရက်က ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သည်။ ယနေ့အချိန်ထိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအနေဖြင့် ကော်ဖီစုစုပေါင်း ၁၅၆ ဒသမ ၇၂ တန်ကို တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETAU နှင့် NETAV အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor T03 (Luxury) အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Essential Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Atto3 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Myanmar Great Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Aiqar Arrizo E အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Benni E-Star အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများအမြင်ချင်းဖလှယ်ဆွေးနွေး

❍ *ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့များနှင့် ချစ်ကြည်ရေး အားကစားအဖွဲ့များ အပြန်အလှန် စေလွှတ်သွားမည့် အခြေအနေများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul အား လက်ခံတွေ့ဆုံစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဘရူနိုင်းနိုင်ငံ၌ကျင်းပသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့များ၏ ပထမအကြိမ် အာဆီယံဝန်ကြီးများ၊ ရှေ့နေချုပ်များ အစည်းအဝေးတက်ရောက်

နေပြည်တော်  နိုဝင်ဘာ ၂၃

**ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးသည် ယမန်နေ့က ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့များ၏ ပထမအကြိမ်အာဆီယံ ဝန်ကြီးများ၊ ရှေ့နေချုပ်များ အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးသည်။**




အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ ရှေ့နေချုပ် H.E Dato Seri Paduka Ahmad Isa က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအဖြစ် ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ သီတာဦးက ယနေ့ကမ္ဘာတွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်း၊ ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုစသည့်ပြစ်မှုများသည် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ကျူးလွန်သည့် ပြစ်မှုများအဖြစ် တွေ့မြင်လာရကြောင်း၊ ထိုသို့သော ပြစ်မှုများသည် နိုင်ငံတစ်ခု၏ တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်စီးစေသည်သာမက နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်း၊ လူမှုအဖွဲ့အစည်းများအတွင်း တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံဖြတ်ကျော်မှုခင်းများကို တိုက်ဖျက်ရမည်ဖြစ်ပါကြောင်း။

**တက်ကြွစွာပါဝင်**

နိုင်ငံတိုင်းတွင် ကျင့်သုံးသည့် ဥပဒေစနစ်များ တူညီမှုမရှိကြသဖြင့် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရာတွင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည်များစွာအရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက အတည်ပြုပါဝင်ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် အာဆီယံတို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တိုက်ဖျက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention against Transnational Organized Crimes) ကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာအာဆီယံသဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ်တွင် လည်းကောင်း အဖွဲ့ဝင် နိုင်ငံအဖြစ် ပါဝင်ခဲ့ပါကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် လည်း နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆို၍ ပြစ်မှုဆိုင်ရာ မှုခင်းများတွင် အပြန်အလှန် အကူအညီပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ပြည်တွင်းဥပဒေအဖြစ် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့် နည်းဥပဒေတို့ကို ၂၀၀၄ ခုနှစ်တွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေအရ ပြည်ပနိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံသို့ လည်းကောင်း၊ မြန်မာနိုင်ငံက ပြည်ပနိုင်ငံတစ်နိုင်ငံသို့ လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သံတမန်လမ်းကြောင်းမှ တစ်ဆင့်ဖြစ်စေ ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ အာဆီယံသဘောတူစာချုပ်များ၊ နှစ်နိုင်ငံသဘောတူညီချက်များပါ တာဝန်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဖြတ်ကျော် မှုခင်းများသည် နိုင်ငံအားလုံးကို ဆိုးရွားစွာ ခြိမ်းခြောက်လျက် ရှိပါကြောင်း၊ အဆိုပါမှုခင်းများကို ထိရောက်စွာ ဟန့်တား တိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှုသည် များစွာအရေးကြီးပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့များမှ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်များနှင့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံး၊ ဥပဒေရေးရာဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေး တက်ရောက်စဉ် ကာလအတွင်း ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ထိုင်းနိုင်ငံ ဒုတိယရှေ့နေချုပ် H.E Mr Jumpon Phansumrit နှင့် တွေ့ဆုံ၍ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံရှေ့နေချုပ်ရုံးတို့အကြား ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မြန်မာ - ထိုင်း - လာအိုနိုင်ငံ ဥပဒေအရာရှိများအကြား ရွှေတြိဂံဒေသ ဥပဒေအရာရှိများ ကွန်ရက် အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် နှစ်စဉ် အစည်းအဝေးများ အလှည့်ကျ လက်ခံကျင်းပဆောင်ရွက်ရေး၊ အာဆီယံရှေ့နေချုပ်ရုံးများအကြား ထိရောက်ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာစေရေး အတွက် အာဆီယံ ဥပဒေအရာရှိများ ကွန်ရက်တစ်ခု တည်ထောင်နိုင်ရေးတို့ကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်၌ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ချောမွေ့လွယ်ကူစွာ သွားလာလည်ပတ်နိုင်ရန် စီမံဆောင်ရွက်

**ဘားအံ  နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်လာသည်နှင့်အညီ ဒေသတွင်း ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကရင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၁၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က ပြည်နယ်အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ (၃) ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အများအကျိုး ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ်များ၊ စိတ်ပါဝင်စားသူများဖြင့် စနစ်တကျဖွဲ့စည်းတာဝန်ပေးပြီး စိစစ်ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ခရီးစဉ်ဒေသများ ဆွဲဆောင်မှုရှိစေရန်နှင့် အကောင်းဆုံးဝန်ဆောင်မှုများ ပေးနိုင်ရန်၊ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ ချောမွေ့လွယ်ကူစွာ သွားလာလည်ပတ်နိုင်ရန် စီမံဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လင်းနှင့် အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အလားတူ ပြည်နယ်အစိုးရအဖွဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ (၃/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက ပြည်နယ်ဝန်ကြီးချုပ် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက MSME လုပ်ငန်းများ လျင်မြန်စွာ အောင်မြင်နိုင်ရန် ဆောင်ရွက်နေသော ကဏ္ဍခြောက်ခု၊ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်ရရှိရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အေဂျင်စီအတွင်းရေးမှူးက ပြည်နယ်အတွင်း SME Member Card ထုတ်ပေးထားသည့် ထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းသစ်များ ဖော်ထုတ်ပေးနိုင်မှု အခြေအနေ၊ ချေးငွေပံ့ပိုးမှု အခြေအနေ၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံ အဆောက်အအုံများ ထောက်ပံ့ပေးထားမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်နယ်အဆင့် အေဂျင်စီများနှင့် ခရိုင်အဆင့် MSME ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ်ဖွင့်ပွဲ တက်ရောက်






**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး China Media Group (CMG) နှင့် တရုတ်ယဉ်ကျေးမှုစင်တာတို့ပူးပေါင်း၍ တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ် (Chinese Film Week) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr.Zheng Zhihong နှင့် ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံ Mr. Xiang Jianbo၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်၊ တရုတ်ယဉ်ကျေးမှု စင်တာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ရုပ်ရှင်အနုပညာသည် အနုပညာနယ်ပယ်အရပ်ရပ်အနက် လှုံ့ဆော်နိုင်မှုစွမ်းပကား ကြီးမားပြီး လူတို့အပေါ်တွင် သြဇာအာဏာသက်ရောက်မှုရှိသလို လူ့အသိုင်းအဝိုင်းနယ်ပယ်အတွင်း ထိုးထွင်းဝင်ရောက်နိုင်စွမ်းရှိတာကို တွေ့ရပါကြောင်း၊ ရုပ်ရှင်တွင် ဖော်ကျူးသည့် အနုပညာလက်ရာများသည်လည်း နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်း နီးနှောပေါင်းစပ်ပေးနေသည့် အနုပညာသုခုမ ပညာရပ်ပင်ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု သမိုင်းကောင်းမှတ်တိုင်များရှိပါကြောင်း၊ ယင်းတို့အနက် တရုတ်နိုင်ငံ ထန်မင်းဆက်ခေတ်၊ မြန်မာနိုင်ငံပျူခေတ်တို့တွင် နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုကို ဂီတနှင့် အနုပညာ အခြေခံပြီး မြှင့်တင် ဆောင်ရွက်ခဲ့သည့် အကြောင်းအရာတစ်ခု ရှိခဲ့ဖူးပါကြောင်း၊ ခရစ်နှစ် (၈၀၂) ခုနှစ်တွင် တရုတ်ပြည်သို့ ရောက်ခဲ့သည့် ပျူဂီတအနုပညာ သံတမန်အဖွဲ့က ဂီတအနုပညာ စွမ်းပကားနှင့်ပင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ဒေသတွင်း နိုင်ငံတကာရေးရာနှင့် စီးပွားဆက်သွယ်မှုများကိုလည်း ပိုမိုတိုးတက်စေခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး အနုပညာတစ်ရပ်ဖြစ်သည့် ဂီတနှင့် သရုပ်ဆောင်မှုအနုပညာကို ဖန်တီးသည့်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယူနန်ရုပ်မြင်သံကြားဌာန တို့ ပူးပေါင်းသည့် "ဒဏ္ဍာရီထဲက တေးကဗျာ" ဇာတ်လမ်းတွဲရိုက်ကူးခဲ့ရာ တရုတ်နိုင်ငံမှ ပြည်သူများနှင့် မြန်မာနိုင်ငံမှ ပြည်သူများပါ ကြိုက်နှစ်သက်ကြသည့်အတွက် ယဉ်ကျေးမှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ပြီး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ကာလမှာ နှစ် (၇၀) ကျော်ခဲ့ပြီဖြစ်၍ နိုင်ငံရေးအပြန်အလှန် ယုံကြည်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူချင်း မကြာခဏ ထိတွေ့ဆက်ဆံမှု၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာပြဿနာများအပေါ် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုတို့ကို နှစ်နိုင်ငံ မြင့်မြင့်မားမား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် ကူညီပံ့ပိုးမှုတို့အပေါ် အခြေခံခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုအားကောင်းစေပြီး နှစ်နိုင်ငံ ပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းမှုများ ဆောင်ယူလာနိုင်မယ်လို့ ယုံကြည်မိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အညီ ရုပ်ရှင်ကဏ္ဍတွင်သာမက အခြားစီးပွားရေးကဏ္ဍများ၊ ပြည်သူအချင်းချင်း ဆက်ဆံမှုများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တက်ရောက်လာကြသည့် ပရိသတ်များ သိရှိပြီးဖြစ်ပါကြောင်း။ မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ကြီးမှူး၍ တရုတ်ရုပ်ရှင်ပွဲတော်များကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာပရိသတ်များ အနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားများကို ယခင်ကတည်းကနှစ်ခြိုက်ကြသည့်အတွက် နှစ်စဉ်ကျင်းပခဲ့သည့် တရုတ်ရုပ်ရှင်ပွဲတော်များတွင် စိတ်အားထက်သန်စွာဖြင့် ကြည့်ရှုနေကြပါကြောင်း။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်ဆံရာတွင် အချို့မှာ ဘာသာစကား နားမလည်သည့်တိုင် ရုပ်ရှင်တွင် ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း၊ ရင်ဘတ်ချင်း နားလည်မှု ရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ နှစ်စဉ် ကျင်းပသည့် Golden Rooster & Hundred Flowers Film Festival တွင်လည်း နှစ်စဉ် ရုပ်ရှင်ဇာတ်ကား ပါဝင်ပြသခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာများ အပါအဝင် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပါကြောင်း။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ လန်မေ နိုင်ငံတကာရုပ်ရှင်ရက်သတ္တပတ်ပွဲတော် (Lanmei International Film Week) သို့လည်း မြန်မာနိုင်ငံက ရုပ်ရှင်ဇာတ်ကားများပေးပို့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြီးမှူးကျင်းပသည့် Screening of Outstanding ASEAN–China Audio – Visual Program, 5th Guangxi Online Animation Competition, 2022 China–ASEAN Film Culture Week, 5th Lancang–Mekong International Film Week တို့သို့ မြန်မာနိုင်ငံက ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းတိုများ ပေးပို့ပြသခဲ့ပါကြောင်း၊ ရုပ်ရှင်ပွဲတော်ကျင်းပခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေရန်နှင့် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲအောင် ဖော်ဆောင်သည့် သဘောပင်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် "၂၀၂၃ တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ်ကို မြန်မာပရိသတ်များက တရုတ်နိုင်ငံအကြောင်းကို ပိုမိုနားလည်သိရှိပြီး နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အရှိန် မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာများကို ထိန်းသိမ်းပြီး နောင်လာမည့်နှစ်များတွင်လည်း ဆက်လက်ကျင်းပ နိုင်ပါစေကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုသည်လည်း ပိုမိုခိုင်မြဲပါစေလို့ ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr.Zheng Zhihong က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ်တွင် ပြသမည့် ဇာတ်ကားများကို မိတ်ဆက်ပြသသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာမှ တာဝန်ရှိသူများက ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး၊ ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တရုတ်နိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် **အတွင်းရေးမှူးအားရှာ** ဇာတ်ကားကို ပြသရာ တက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ တရုတ်ပုံရိပ် ရုပ်ရှင်သီတင်းပတ်တွင် တရုတ်နိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် **အတွင်းရေးမှူး အားရှာ** ဇာတ်ကား၊ တရုတ်ရှေးခေတ်ဝတ္ထုရှည်တစ်ပုဒ်ကို အခြေခံ ရိုက်ကူးထားသည့် **ခန်းဆောင်နီအိမ်မက်** ဇာတ်ကား၊ တရုတ်အစားအစာ ယဉ်ကျေးမှုအကြောင်း ရိုက်ကူး တင်ဆက်ထားသည့် **A Bite Of China Season 2** မှတ်တမ်းရုပ်ရှင်၊ သည်းထိတ်ရင်ဖိုဟာသဇာတ်လမ်းဖြစ်သည့် **Detective Chinatown 1** ဇာတ်ကား၊ **အနောက်သို့ ခရီးသွားခြင်း** ရုပ်သံဇာတ်လမ်းတွဲ စသည့်သုတရသ ယဉ်ကျေးမှုစုံလင်သည့် ခေတ်သစ်တရုတ်ပုံရိပ် ရုပ်ရှင်များကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ တရုတ်ယဉ်ကျေးမှု စင်တာ၌ ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းလှမြို့နယ်ရှိ ကတဲ(ပုသိမ်-မုံရွာ)လမ်း မြေသားလမ်းပေါင်ချဲ့ခြင်းလုပ်ငန်းဆောင်ရွက်

**အထက်မင်းလှ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကတဲ(ပုသိမ်-မုံရွာ)လမ်းကို မြေသားလမ်းပေါင်ချဲ့၍ မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးလက်လမ်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်လမ်းခင်းခြင်း ဆောင်ရွက်ရာတွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကတဲ(ပုသိမ်-မုံရွာ)လမ်း (၀/၀မှ၂/၂)အထိကို မြေသားပေါင်ချဲ့၍ အကျယ် ၅ ဒသမ ၄၉ မီတာ၊ ထု ၂၀၀ မီလီမီတာ မြေနီခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၈၂ ဒသမ ၀၂၄ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီရိဖြိုးဝေဝင့်နှင့် သရက်ခရိုင် လုပ်ငန်းအရည်အသွေးစစ်ဆေးရေး တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မင်းစိုးတို့က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

မင်းလှမြို့နယ်၌ ကျေးလက်လမ်းများကို လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ **ဇာဇာ(အထက်မင်းလှ)**



# ဘဝအတွက်အဖိုးတန်ရာ တရားနှင့် သာမညဖလအခါမှာ

ဒေါက်တာ မြတ်မိုး

**လောကကြီးမှာ အယူမမှား၊ အယူမှန်ဖို့က အရေးကြီးလှသည်။ အယူမှန်မှလည်း မှန်ကန်သော အကြံအစည်ဟူ၍ ဖြစ်ပေါ်နိုင်ပါသည်။ ကိလေသာတို့ကို ပယ်သတ်ပြီး နိဗ္ဗာန်သို့ လျှောက်လှမ်းရာမှာ ဒုက္ခကို ဒုက္ခမှန်းသိခြင်း၊ ဒုက္ခ၏အစ ၊ ဒုက္ခချုပ်ကြောင်းနှင့် ဒုက္ခငြိမ်းရာ အမှန်လမ်းကို သစ္စာအမှန်အဖြစ်လည်းကောင်း၊ သမ္မာဒိဋ္ဌိဟူသော အယူမှန်ခြင်းကို မဂ္ဂင်ရှစ်ပါးမှာ အရေးကြီးဆုံးတစ်ပါးအဖြစ်လည်းကောင်း ကျေးဇူးရှင်မြတ်စွာဘုရားက အတိအလင်း ဟောတော်မူခဲ့သည်။**

ထိုတရားများ၏ ဆန့်ကျင်ဘက်ကား မိစ္ဆာဒိဋ္ဌိ အယူမှားခြင်းဖြစ်သည်။ အယူမှားမှုတွေကြောင့် လူတွေပျက်စီးရသည်။ လောကကြီးဖျက်ဆီးခံရသည်။ မြတ်စွာဘုရားဟောတော်မူသော၊ မှန်ကန်သောအယူဟူသည် မည်သည့်ဘာသာဖြစ်ရမည်ဟုမဆို၊ သတ္တဝါအားလုံးအတွက်ဖြစ်သည်။ ဟိုအတွက်တော့မှန်သည်၊ ဒီအတွက်တော့ မမှန်မဟုတ်ပါ။ လက်တွေ့လိုက်နာကျင့်ကြံကြည့်ရန် အားပေးသည်။ အထက်ပါ သမ္မာဒိဋ္ဌိ မှန်ကန်သော အယူနှင့် မှန်ကန်သောအမြင်တွေကြောင့် အချို့ ပညာဉာဏ်ကြီးသူများမှာ သစ္စာလေးပါးအလင်း တရားကိုရှာဖွေလာကြပြီး သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအထိ အကြံအစည်များဖြစ်ပေါ်ရသည်။ တစ်ပါးသူကို မပင်ပန်းစေခြင်း၊ စိတ်ဒုက္ခမရောက်စေခြင်း၊ သတ္တဝါတွေကို မပျက်စီးစေလိုခြင်း စသည်စေတနာကောင်းရှိသူတွေ လောကမှာ အများအပြားရှိပါသည်။ သူတို့အတွက် ဒီလိုအကြံအစည်မျိုးတွေ ရရှိလာခြင်းသည်ပင် အရင်းစစ်ကြည့်တော့ အယူမှန် အမြင်မှန်ကြသောကြောင့်ဟု ယုံကြည်မိပါသည်။

## မှားယွင်းသောအယူနှင့် အစွဲကြီးရာမှသည်

ထို့ကြောင့် ဒုစရိုက်တွေကင်းရာနှင့် သုစရိုက်တွေများရာ ယုတ်ညံ့မှုတွေနှင့် ဖြူစင်မှုတွေရှိရာကို မှန်ကန်သောအယူနှင့် ဆက်စပ်ကြည့်မိသည်။ သာသနာကာလမှာလူဖြစ်လာရသော်လည်း လောကကြီးမှာ အယူမှားမှုဟူသော အခြေခံဉာဏ်ပညာမဲ့ တရားအစုတွေကြောင့် မလုံခြုံသလို ခံစားနေကြရခြင်းဖြစ်သည်။ အယူမှားမှုနှင့်အတူ အကျင့်မှား၊ ယုံကြည်မှုအမှား၊ သံသယပေါင်းများစွာနှင့် ကျင်လည်နေကြရသည်။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကိုပင် ယုံကြည်အောင် မနည်းကြိုးစားနေရသူတွေ ရှိနေသေးသည်။ ရတနာသုံးပါးကိုမယုံကြည်၊ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ကိုလည်းမသိ၊ ကုသိုလ်၊ အကုသိုလ်ဆိုတာရှိသည်ကိုလည်းမသိ၊ ကုသိုလ်၊ အကုသိုလ် အကျိုးပေးကိုလည်း မယုံကြည်မှတော့ ဘဝသံသရာအဆက်ဆက်ဆိုသည်ကိုလည်း ယုံနိုင်တော့မည်မဟုတ်၊ ထို့ကြောင့် ရှည်လွန်းလှသည့် သံသရာမှာ နောင်ဘဝဆိုသည်လည်းမရှိ၊ ဒီဘဝမှာပဲပြတ်သည်၊ ကောင်းတာ၊ မကောင်းတာလည်း ဒီဘဝမှာပဲပြီးသည်ဟု အစွဲရှိတတ်ကြသည်။ သံသရာကိုမယုံကြည်သည့်အတွက် တဝဲလည်လည်ဖြင့် လောဘ၊ ဒေါသ၊ မောဟအစုံမှာ ကြီးလေးသော အပြစ်များကျူးလွန်မိသလိုဖြစ်နေသည်။ ထို့ကြောင့် လက်တွေ့မှာ အမှားတွေများလာကြပြီး ပစ္စုပ္ပန်မှာ အကျိုးဆုတ်ယုတ်ပျက်ပြားကြရသလို သံသရာမှာလည်း အကျိုးပေးမလှ ဒုဂ္ဂတိဘဝရောက်ကြရသည်။

အယူမမှန်၊ အတွေးမမှန်သည့်အခါ ဆရာအတင်မှားပြီး မိတ်ဆွေအစစ်အမှန်ကို မသိနိုင်လောက်အောင် အမှတ်မှားကုန်ကြခြင်းလည်း ပါမည်ထင်သည်။ မပေါင်းအပ်သူနှင့် ပေါင်းမိခြင်း ပါသလို မပြစ်မှားသင့်သူကို ပြစ်မှားမိခြင်းကြောင့်လည်းဖြစ်သည်။ တကယ်မရှိတာကို အရှိထင်၊ ရှိတာကိုလည်း ယုတ္တိရှိ/မရှိ သဘာဝတရားနှင့်ယှဉ်ပြီး မဆန်းစစ်နိုင်ကြ၊ သူများက ဝေဖန်တော့လည်း အဝေဖန်မခံနိုင်ကြ။ ဒီတရားတွေကို မသိသည့်အတွက် ဒါဟာလည်းငါ့ဟာ၊ ဟိုဟာလည်းငါ့ဥစ္စာ၊ ငါသူတစ်ပါး ယောကျ်ားမိန်းမ ငါ့အတ္တတွေအထိ

**“အယူမှားတတ်သူတွေသည် မှန်ကန်ရာကိုမယူတတ်ကြပေမယ့် မမှန်တာကိုတော့ စွဲတတ်ကြသည်။ တချို့အစွဲကြီးစွဲ၍ အတ္တကြီးသူတွေဖြစ်ကုန်သည်။ ကိုယ်စွဲမိစွဲရာကို အမှန်ဟုလည်း ထင်မှတ်မှားတတ်ကြသည်။ ကိုယ့်အယူအဆသာအမှန်၊ သူ့အယူအဆကတော့အမှားဟု တရားသေယူဆပြီး ကိုယ့်အယူဝါဒကို မစွန့်လွှတ်နိုင်ဖြစ်ကြရသည်။ တချို့မှားမှန်းသိသည့်တိုင်မချွတ်နိုင်၊ မကျွတ်နိုင်ကြ။ အစွဲကြီးလွန်းတော့ အမှန်ဘက်သို့ မရုန်းထွက်နိုင်ဖြစ်ကြရသည်။ အသိတွေအမှောင်ဖုံးတော့ အမှားတွေ ကျူးလွန်ကြတော့သည်”**

ဖြစ်တည် လာရတော့သည်။ နောက်ဆုံး အားလုံးဟာ မမြဲခြင်းသဘောတွေဆိုတာလည်း မမြင်နိုင်ကြတော့ပါ။

အယူမှားတတ်သူတွေသည် မှန်ကန်ရာကိုမယူတတ်ကြပေမယ့် မမှန်တာကိုတော့ စွဲတတ်ကြသည်။ တချို့အစွဲကြီးစွဲ၍ အတ္တကြီးသူတွေဖြစ်ကုန်သည်။ ကိုယ်စွဲမိစွဲရာကို အမှန်ဟုလည်း ထင်မှတ်မှားတတ်ကြသည်။ ကိုယ့်အယူအဆသာ အမှန်၊ သူ့အယူအဆကတော့အမှားဟု တရားသေယူဆပြီး ကိုယ့်အယူဝါဒကို မစွန့်လွှတ်နိုင်ဖြစ်ကြရသည်။ တချို့မှားမှန်းသိသည့်တိုင်မချွတ်နိုင်၊ မကျွတ်နိုင်ကြ။ အစွဲကြီးလွန်းတော့ အမှန်ဘက်သို့ မရုန်းထွက်နိုင်ဖြစ်ကြရသည်။ အသိတွေ အမှောင်ဖုံးတော့ အမှားတွေ ကျူးလွန်ကြတော့သည်။ ထို့ကြောင့် ဒီဘက်ခေတ်တွေမှာ သီလ၊ သမာဓိ၊ ပညာနည်းသည်ထက်နည်းလာကြပြီး အသက်တွေသတ်ကြ၊ ဖြတ်ကြရမှာ ဝန်မလေး၊ စင်စင်ကြယ်ကြယ် အသက်မွေးခြင်းမရှိ၊ ကိုယ့်ဥစ္စာ မဟုတ်လည်း မတရားယူကြ၊ မှားယွင်းတဲ့ ကာမဂုဏ်မှာလည်း လွန်ကျူးပျော်ပါးကြ၊ အကျိုးမရှိ လိမ်ညာကြကဲ့ရဲ့ကြ၊ ကုန်းတိုက်သိမ်ဖျင်း ကြမ်းတမ်း အကုန်ပြောပြီး မူးယစ်ရမ်းကား ဒုစရိုက်မှုအကုန် အမှားကြီးမှားမိကြတော့သည်။

## ဆရာအတင်မှားမိသည်၏အဖြစ်

ခေတ်သစ်မှာ လူတို့၏မှောက်မှားခြင်းတချို့

**“ဘဝမှာယူတတ်လျှင် အမှားကိုပယ်၊ အမှန်ကိုယူနိုင်မည့် အဖိုးတန်ရာ တရားများစွာ ရှိပါသည်။ လောကမှာ လောဘကြီးတာလည်းမကောင်း၊ ဒေါသကြီးလွန်းတာလည်း မကောင်းပါ။ လောဘကို လောဘဖြစ်မှန်းမသိ၊ ဒေါသကို ဒေါသဖြစ်မှန်းမသိ ဖြစ်ရသော မောဟကြောင့်ဆိုလျှင် ပိုပြီးဆိုးရွားမှုများ တွေ့ကြုံနိုင်သည်ကို နားလည်ပြီးလည်း ဖြစ်ကြပါသည်။ လောဘ၊ ဒေါသ၊ မောဟအခြေခံ အကုသိုလ်ခြံရံ၍ တစ်ဦးအပေါ်တစ်ဦးအနိုင်မယူချင်ကြစေဘဲ တရားမျှတမှုကို အခြေခံ၍သာ အနိုင်ယူစေချင်ပါသည်”**

သည် ယုံကြည်မှုမှား၊ ကိုးကွယ်မှုမှား၊ အယူမှားခြင်းများကြောင့်ဖြစ်ကြရသည်ကို ယခုလို တန်ဆောင်မုန်းလအခါသမယ ကြုံကြိုက်ခိုက်မှာ မြတ်စွာဘုရားရှင် ပွင့်ဆဲလက်ထက် ဘုရင်ဗိမ္ဗိသာရမင်း၏သားတော် အဇာတသတ်မင်းသား၏ အတိတ်အကြောင်းအရာနှင့် ဆက်စပ်၍ ထုတ်နုတ်သုံးသပ် သင်ခန်းစာယူသင့်ကြပါသည်။ အားလုံးကြားဖူး နာယူဖူးကြသည့်အတိုင်း အဇာတသတ်မင်းသားသည် ဘုရားကို အထင်လွဲ၊ သံဃာသင်းခွဲရန်အကြံရှိသည့် ဈာန်အဘိညာဉ်ရပြီးသော ဒေဝဒတ်ကိုမှ အထင်ကြီးပြီး ဆရာအတင်မှားမိသည်။ ငယ်လည်းငယ်၊ ဉာဏ်ပညာကလည်းနည်း မောက်လည်း မောက်မာလွန်းသည့်အခါ ဆရာညွှန်ကြား အယုံသွင်းသည့်အတိုင်း သူ၏ဖခင်ကို သူကိုယ်တိုင်သတ်သည့်အမှုကို ကျူးလွန်မိခဲ့သည်။ သတ်ရသည့်အကြောင်းကို ဆန်းစစ်သော် ဖခင်ဘုရင်၏ စည်းစိမ်နှင့် အာဏာကို မက်လွန်းမကမက်သည့် ကိုယ်ကျိုးအတ္တ၊ ဆရာဒေဝဒတ်ကဲ့သို့ ဖန်ဆင်းအစုံ တန်ခိုးအစုံအစုံကို အလိုရှိခြင်း၊ အရွယ်နုပျိုစဉ်မှာ တက်ကြွသော မာန်ယစ်မှု၊ လက်နက်အားကိုးပြီး မူလဗီဇကိုက သတ်ချင်ဖြတ်ချင်သည့်စိတ်၊ ယုံကြည်လွယ်၍ မှားသော အယူရှိခြင်းသည်ပင် အရင်းခံအကြောင်းတရားများ ဖြစ်လာရသည်။ တပ်မက်ခြင်းလောဘကြောင့် လိုချင်တာမရသည့်အခါ ဒေါသကြောင့် အကုသိုလ်အမှုကြီး ကျူးလွန်မိခြင်းပင် ဖြစ်တော့သည်။

## ကြီးမားလွန်းသည့် အကုသိုလ်ကံတွေကြောင့်

သတ္တဝါအားလုံးတို့အတွက် မိတ်ဆွေကောင်း သဖွယ်ဖြစ်သော ကလျာဏမိတ္တ ဘုရားရှင်အား လုပ်ကြံပြစ်မှားခြင်း၊ ကျေးဇူးရှင်ဖခင်အား သတ်မိခြင်းအကုသိုလ်များကား ကြီးမားလွန်းလှသည်။ ဆရာကောင်းသဖွယ်ဟန်ဆောင်၍ မူလကုသိုလ်အမြစ်ကို ဖျက်ဆီးမိသည့် ဒေဝဒတ်၏ အကုသိုလ်ကံကလည်း မသေးလှ။ ထိုအကုသိုလ်ကံအကျိုးပေးကြောင့်ပင် သွေးအန်မြေမျို၊ မလှမပ ဘဝဆုံးရသည့် ဒေဝဒတ်၏ဘဝ၊ ဆရာအတင်မှား အသုံးချခံဘဝမှာ ဖခင်ဘုရင်ကို သတ်မိသည့် အဇာတသတ်၏ ငရဲပြည်လားရသည့်ဘဝများသည် သံဝေဂယူစရာများပင် ဖြစ်တော့သည်။ သို့သော် အဇာတသတ်တွင် ပြုမိဖူးသည့် ကောင်းမှုကုသိုလ်များကြောင့် မဟာအဝီစိငရဲကျရမည့်အစား ပို၍ပေါ့ပါးသည့် ကုမ္ဘီငရဲသို့သာ လားရသည့်အဖြစ်ကို ကြည့်ခြင်းဖြင့်လည်း ယခုဘဝမှာ ကုသိုလ်ကောင်းမှုတစ်ခုခုကို ကြိုးစားပြုခဲ့လျှင်၊ လုပ်လျှင်လုပ်သလောက် အကျိုးပေးကောင်းပါကြောင်း သုံးသပ်မိပြန်သည်။ သေလွန်ပြီးငရဲပြည်မသွားခင် ကုသိုလ်ကောင်းမှုပြုဖြစ်ခြင်းအကြောင်းကလည်း မှန်ကန်သောအယူကိုရှာဖွေနိုင်ခြင်းနှင့် ဆရာကောင်း၊ ဆရာမှန်ကို အချိန်မီ ဆရာတင်ခဲ့ခြင်းက အရင်းခံဟု သုံးသပ်နိုင်ပါသည်။

တကယ်တော့ ဒေဝဒတ်ရော အဇာတသတ်ပါ ချမ်းသာရာကို ရှာခဲ့ကြသော်လည်း ဆင်းရဲခြင်းကိုသာ ရခဲ့ကြခြင်းဖြစ်သည်။ အဇာတသတ်ခမျာ ဖခင်ကိုသတ်မိခဲ့သည့် အကုသိုလ်ကံကြီးကြောင့် သေတာထက်ဆိုးသည့် စိတ်ကျဝေဒနာ၊ တွေတွေဝေဝေသေရမည်ကို ထိတ်လန့်ပြီး ငရဲပြည်ရောက်ရတော့မည်ဟူသော စိုးရိမ်မှုသောက၊ အိပ်မက်ဆိုးများနှင့် အိပ်မပျော်နိုင်ရှာသော၊ အိပ်ရမည်ကိုပင် ကြောက်နေရရှာသော ဝေဒနာအပူမီး၊ ထိုမီးများကား ငရဲမီးကဲ့သို့ ပူပြင်းလှပါသည်။ အသက်ရှင်နေရသော်လည်း အပြစ်တို့ဖြင့်သာ ပြည့်နှက်နေတော့သည်။

သီလနည်းခဲ့၍ ပရိသတ်အလယ် ကြောက်ရွံ့ခြင်း ကင်းကင်းနှင့် စိတ်ကြည်လင်ရွှင်ပျခြင်းအကျိုးကို အဘယ်မှာလျှင် ရနိုင်ပါမည်နည်း။ ဆရာအမှားနှင့် မိတ်ဆွေအတုကို ပေါင်းမိခဲ့သည့် အယူမှားနောင်တကို ဖြေဆည်မဆုံးနိုင်တော့၊ ထိုဝေဒနာကို အမြန်ပျောက်ကင်းလိုလှ၍ ကယ်တင်ရှင်မျိုးစုံကိုသာ ရှာဖွေမိတော့သည်။ သို့သော် မူလတွေ့သမျှ နာယူမိသမျှ တိတ္ထိဆရာအားလုံး၏ အဖြေကား မရေရာ ဇဝေဇဝါအခြေအနေမှာ လိုချင်သောအဖြေကိုမူ ဘယ်လိုမှ ရှာဖွေမတွေ့နိုင်ခဲ့ပါ။

## ကလျာဏမိတ်ဆွေအစစ်ထံမှ

သို့သော် အဇာတသတ်မင်းကြီးမှာ နောက်ဆုံးမှာ အမှန်ကိုရှာတွေ့လိုသည့် ကုသိုလ်ဇောအရှိန်ကြောင့် အမှန်လမ်းစအကြံပေးစွမ်းသော သမားတော်ကြီးဆရာဇီဝကမှတစ်ဆင့် ကလျာဏမိတ်ဆွေ ဘုရားရှင်ကို တွေ့ထိဖူးမြော် နာယူခွင့်ရလိုက်ပါပြီ။ သူတစ်ပါးကို နက်နဲသောတရားစကားဖြင့် ဆုံးမတတ်သော ဆရာကောင်း၊ ဆရာမြတ်နှင့် တွေ့ရပြီဆိုမှတော့ အဆုံးအမကို ကောင်းစွာခံယူနိုင်သော တပည့်ကောင်းတစ်ဦးလည်း ဖြစ်ခဲ့ရပါပြီ။ ရာဂနှင့် သဒ္ဓါသည် ဂုဏ်ချင်းနီးပြီး သဘောသဘာဝချင်း တူညီကြသည်ဟု မှတ်သားဖူးသည်ဖြစ်ရာ မင်းကြီး အဇာတသတ်အဖို့ ရာဂစရိုက်ဖြင့် အကုသိုလ်များကို သိမ်မွေ့နူးညံ့ မကြမ်းတမ်းလွန်းဘဲ ကျူးလွန်ခဲ့၍ ထင်သည်၊ သဒ္ဓါအားကြီးလာတော့လည်း ကုသိုလ်အားက သာလွန်သွားခြင်းဖြစ်မည်ဟု သုံးသပ်မိပါသည်။ ရာဂစရိုက်ဖြင့် အကျိုးစီးပွားကို မစွန့်နိုင်ခဲ့သော်လည်း အားကြီးသောသဒ္ဓါဖြင့် သီလဂုဏ်ကို ရှာနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ဘုရားရှင်ထံမှာ အဇာတသတ်မင်းကြီး လျှောက်ထားမေးမြန်းခြင်း၊ မှတ်သားနာယူခြင်း အကျိုးရလဒ်ကား ကြီးမားလှပါသည်။ ယခုလို တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့မှာ အေးချမ်းလှပ လပြည့်ညတစ်ည၏အရသာကို “သာမည”– ရဟန်းပြုခြင်း၏ “ဖလ”အကျိုးကျေးဇူးမည်သော သာမညဖလသုတ်တော်နှင့်အတူ ဘုရားရှင်ထံမှာ ရဟန္တာဖြစ်လာပုံတရားကို ပြည့်ပြည့်စုံစုံ နာယူခွင့်ရခဲ့ပါပြီ။ ဘုရားရှင်ကြောင့် ငြိမ်းချမ်းမှုနှင့်အတူ မိမိ၏ကြီးလေးသောအပြစ်များကို ကုစားနိုင်ခဲ့ပါပြီ။ ဖခင်ကိုမသတ်မိလျှင် သောတာပန်ဟူသော အရိယာ၊ သတ်မိတော့လည်း ငရဲဘဝ၊ ဘုရားရှင်နှင့်တွေ့ပြီး ဝိဇိတာဝီပစ္စေကဗုဒ္ဓါအဖြစ် ရောက်ရမည်ဆိုတော့လည်း သံဝေဂယူဆင်ခြင်စရာတွေအပြည့်။ တရားနာခွင့်ရခြင်း၊ ရတနာသုံးပါးကို အလေးအနက်ယုံကြည်သွားခြင်း၊ ဖခင်သတ်မိသော အကုသိုလ်ကြောင့် မိမိမှာ ရဟန်းပြုခွင့်မရခဲ့သော်လည်း သားဖြစ်သူအား သာသနာ့ဘောင်မှာ သွတ်သွင်းနိုင်ခဲ့ခြင်း၊ ဘုရားဒကာခံယူ၍ ကိုယ်တိုင်ပထမသင်္ဂါယနာတင်ခွင့်ရခြင်း၊ ဓာတ်တော်မွေတော်များကို စုဆောင်းလက်ဆင့်ကမ်း အမွေပေးနိုင်ခြင်း၊ ဗုဒ္ဓသာသနာနှစ်ကို

စာမျက်နှာ ၇ သို့

## အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၀ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ တာမွေအဝိုင်းအနီး၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ပထမထပ်၊ အမှတ်(၄၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**၏ မှတ်ပုံတင်အမှတ်မှာ (၄၃) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရုရှားသဘာဝမြေဩဇာအသုံးပြု၍ ဆင်းသုခမိုးစပါးရက်(၁၂၀) တစ်ကေစမ်းသပ်စံပြကွက် ရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေပြည်တော် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာရှိ ရုရှားသဘာဝမြေဩဇာအသုံးပြု စမ်းသပ်စိုက်ပျိုးထားသော တောင်သူဒေါ်သက်၏ ဆင်းသုခမိုးစပါးရက်(၁၂၀) တစ်ကေ စမ်းသပ်စံပြကွက် ရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကုန်ကျစရိတ်များသက်သာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ယာယီရှင်းလင်းဆောင်၌ သမဝါယမအသင်းသား တောင်သူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ရုရှားသဘာဝမြေဩဇာအားဖြည့်ဆေးရည် အသုံးပြုခြင်းအားဖြင့် တစ်လီတာကို စိုက်ပျိုးမြေဧက ခြောက်ဧကအထိ အသုံးပြုနိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ်အနေဖြင့် မြန်မာကျပ်ငွေ ၉၀၀၀ ခန့်သာ ကျသင့်မည်ဖြစ်ကြောင်း၊ တစ်ကေအတွက် ဆေးရည် ၁၈၀ မီလီလီတာ အသုံးပြုပါက ကုန်ကျစရိတ်အနေဖြင့် မြန်မာကျပ်ငွေ ၃၀၀၀ ခန့်သာကျသင့်မည်ဖြစ်ကြောင်း၊ သဘာဝမြေဩဇာအားဖြည့် ဆေးရည်အသုံးပြုခြင်းအားဖြင့် ပုလဲခါတ်မြေဩဇာအသုံးပြုမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ကုန်ကျစရိတ်များ သက်သာသွားမည့်အပြင် မြေဆီလွှာပျက်စီးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အထွက်တိုးစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝမြေဩဇာအားဖြည့်ဆေးရည်များ လုံလောက်စွာရရှိရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်း၍ သဘာဝမြေဩဇာစက်ရုံတည်ဆောက်ရေး လုပ်ငန်းများကို နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းသား တောင်သူများအနေဖြင့် သဘာဝမြေဩဇာဆေးရည်များ အသုံးပြုမည်ဆိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ စနစ်တကျ စမ်းသပ်အသုံးပြုဆောင်ရွက် သွားနိုင်ကြောင်း ရှင်းလင်းပြောကြားကာ ကျေးရွာတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ရိတ်သိမ်းနေမှုကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာ၌ ရုရှားသဘာဝမြေဩဇာ အသုံးပြု၍ စမ်းသပ် စိုက်ပျိုးထားသည့် တောင်သူ ဒေါ်သက်၏ ဆင်းသုခမိုးစပါးရက် (၁၂၀) တစ်ကေစမ်းသပ်စံပြကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ တတိယနေ့အဖြစ် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လယ်ဝေးမြို့နယ်၌ တတိယနေ့အဖြစ် လယ်ဝေးမြို့နယ် စည်ပင်သာယာရေးကော်မတီ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ရာ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ကိုယ်တိုင်ကိုင်တွယ်ကာ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်မမှန် စိစစ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် အချိန်တိုအတွင်း ဆန္ဒမဲများကို ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် မှန်မှန်ကန်ကန် မဲပေးဆောင်ရွက်နိုင်ကာ ပယ်မဲများ မရှိနိုင်တော့သည့်အတွက် စိတ်ကျေနပ်မှုအပြည့်ဖြင့် စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါ စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ လောကျေးရွာအုပ်စု၊ စိုင်ခေါင်းရိုးကျေးရွာအုပ်စု၊ အေးချမ်းသာကျေးရွာအုပ်စု၊ ပင်သောင်ကျေးရွာအုပ်စု၊ ရေကာကျေးရွာအုပ်စု၊ ပျံချီကျေးရွာအုပ်စု၊ အလယ်ကျွန်းကျေးရွာအုပ်စု၊ ရုံးပင်ကျေးရွာအုပ်စု၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာအုပ်စု၊ ပိတောက်ချောင်ကျေးရွာအုပ်စု၊ ပြည်ဝင်ကျေးရွာအုပ်စု၊ အောင်းကုန်းကျေးရွာအုပ်စုနှင့် သာဝတ္ထိကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း နှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အတိအကျသတ်မှတ်နိုင်ခဲ့ခြင်း၊ ဘုရားဟောပိဋကတ်တော်များအား မပျောက်ပျက် မပျက်စီးနိုင်ရန် နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျေးဇူးပြုခဲ့ခြင်း ဂုဏ်ကျေးဇူးများကား ကြီးမားလွန်းသဖြင့် ကျေးဇူးအထူးတင်မိပါသည်။ အဇာတသတ်မင်းကြီး၏ကျေးဇူးကြောင့် ဗုဒ္ဓဘာသာကို အသိအမှတ်ပြုခွင့်ရ၊ စောင့်ရှောက်ခွင့်ရခြင်းသည်ပင် ကျွန်တော်တို့အားလုံးမှာ ကုသိုလ်ကောန်ဖြစ်ခဲ့ရပါပြီ။

အချုပ်အားဖြင့်တော့ ဘဝမှာယူတတ်လျှင် အမှားကိုပယ်၊ အမှန်ကိုယူနိုင်မည့် အဖိုးတန်ရာ တရားများစွာရှိပါသည်။ လောကမှာ လောဘကြီးတာလည်း မကောင်း၊ ဒေါသကြီးလွန်းတာလည်း မကောင်းပါ။ လောဘကို လောဘဖြစ်မှန်းမသိ၊ဒေါသကိုဒေါသဖြစ်မှန်းမသိဖြစ်ရသော မောဟကြောင့်ဆိုလျှင် ပိုပြီးဆိုးရွားမှုများ တွေ့ကြုံနိုင်သည်ကို နားလည်ပြီးလည်း ဖြစ်ကြပါသည်။ လောဘ၊ ဒေါသ၊ မောဟအခြေခံ အကုသိုလ်ခြံရံ၍ တစ်ဦးအပေါ် တစ်ဦး အနိုင်မယူချင်ကြစေဘဲ တရားမျှတမှုကို အခြေခံ၍သာ အနိုင်ယူစေချင်ပါသည်။

သဒ္ဓါ၊သတိ၊ ဟီရိဩတ္တပ္ပ၊အကြားအမြင်များခြင်း၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာတို့ဖြင့်ပြီးစေမည့် သီလတွေကို ဆောက်တည်လျက် တန်ဆောင်မုန်းလ အခါသမယဝယ် ကြည်နူးဖွယ်ရာ လပြည့်ညများကို အေးအေးချမ်းချမ်းခံစားနိုင်ကြပါစေဟု ဆုတောင်းပေးချင်သည်။ တစ်ဦးနှင့်တစ်ဦး မှန်ကန်သော ဉာဏ်အမြင်ဖြင့် ယုံမှားသံသယများကင်းပျောက်ပြီး မြင့်မြတ်သော အသက်မွေးမှုဖြင့်လည်း အရာရာကို စင်ကြယ်စေလိုပါသည်။

ပါရမီရင့်သန်သူများအတွက် ကိလေသာအရှုပ်အထွေးကို ရှင်းထုတ်နိုင်မည့်သီလဖြင့် အပါယ်လေးဘုံ၊ စိတ်ကိုညွှန်ပြသည့်သမာဓိဖြင့် ကာမဆယ့်တစ်ဘုံ၊ကမ္မဇပညာဝိပဿနာပညာ ပါရိဟာရိက ဆိုသည့် ထက်ဝန်းကျင်အလုံးစုံစင်ကြယ်သည့်ပညာအားလုံးပါစုံလျှင် အလုံးစုံသော သုံးဆယ့်တစ်ဘုံအထိ လွန်မြောက်နိုင်သည်ဟုလည်း ဘုရားရှင်က ဆိုထားပြီးဖြစ်လေရာ... အားထုတ်မှုဟူသော ဝီရိယပါ စိုက်လိုက်လျှင် အပါယ်ဆင်းရဲမှ လွတ်ကြမှာ သေချာပါသည်။ သို့မှသာ လက်ရှိပစ္စုပ္ပန်မှာပင် မိမိအတွက်ရော အများအတွက်ပါ အမှန်အေးချမ်းသာယာလာမှာဖြစ်သလို တည်ငြိမ်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ်ကိုလည်း ရမည်မလွဲ ငြိမ်းချမ်းမှုသည် ကေန်သေချာ ဖြစ်လာပါတော့မည်။

# Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ဖွင့်ပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ Academy ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးတက္ကသိုလ် ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ရှိပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ၊ ဆရာဆရာမများနှင့် Naypyitaw State Academy, Faculty of Medicine သို့ တက်ရောက်ကြမည့် သစ်လွင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌတို့က Naypyitaw State Academy၊ ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်နှင့် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန် ရည်ရွယ်၍ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ Naypyitaw State Academy အား ကြောင်းကျိုးဆက်စပ် တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အားပေးချီးမြှောက်ပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များမွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်တစ်ခုဖြစ်စေရန် ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ Naypyitaw State Academy ကို စတင်ဖွင့်လှစ်စဉ်ကတည်းက Faculty System ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ လူမှုရေးပညာ မဟာဌာန၊ အားကစားပညာမဟာဌာနဆိုသည့် မဟာဌာနကြီး ခုနစ်ခုဖြင့် Comprehensive University အဖြစ် မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ယနေ့တွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆေးသိပ္ပံပညာမဟာဌာနကို စတင်ဖွင့်လှစ်နိုင်ပြီး ဆေးပညာပထမနှစ် သင်တန်းတွင် ကျောင်းသားကျောင်းသူ ၃၁ ဦးကို စတင်လက်ခံသင်ကြားမည်ဖြစ်ပါကြောင်း၊ Naypyitaw State Academy တွင် ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုစနစ်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီသင်ရိုးညွှန်းတမ်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Internet Access နှင့် e-library ပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည်များကို နှစ်အလိုက် ဖြည့်ဆည်းပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### ခြောက်ခုမြောက် ဆေးတက္ကသိုလ်

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရာတွင် အဓိကကျသည့် ဆရာဝန်များအား မွေးထုတ်ပေးနိုင်မည့် ခြောက်ခုမြောက် ဆေးတက္ကသိုလ်အဖြစ် Naypyitaw State Academy တွင် ဆေးသိပ္ပံပညာ မဟာဌာနဖွင့်လှစ်နိုင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ဆေးတက္ကသိုလ်ငါးခုနှင့် တပ်မတော်ဆေးတက္ကသိုလ်တို့တွင် **လက်ရှိ သင်ကြားလျက်ရှိသည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြစ်သည့် မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက် သင်ကြားခြင်းသင်ရိုးညွှန်းတမ်း Outcome Based Integrated Curriculum ဖြင့် အသုံးပြုသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊** သင်ကြားရေးအတွက် အတွေ့အကြုံရှိပြီး အရည်အချင်းပြည့်မီသည့်ဆရာ ဆရာမများကို ခန့်ထားပြီးဖြစ်ပြီး လိုအပ်သလို ဆက်လက်ခန့်အပ်ပေးသွားမည်ဖြစ်ပါကြောင်း။

သင်ကြားရေးပိုင်းအတွက် အဓိကလိုအပ်သည့် (Learning Teaching Aids) သင်ထောက်ကူ ပစ္စည်းများကိုလည်း ခေတ်မီနည်းပညာမြင့်၊ အရည်အသွေးမြင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးထားပါကြောင်း၊ ဆေးလက်တွေ့လေ့လာမှုများ ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ရှိ သင်ကြားရေးဆေးရုံကြီးများတွင် အတွေ့အကြုံ ရင့်ကျက်သည့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများက သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း။

ကျောင်းသား ကျောင်းသူများအတွက် နေထိုင်သွားလာရေး အဆင်ပြေစေရန်အတွက် အဆောင်နေထိုင်လိုသူများကို အဆောင်များစီစဉ်ထားပြီး **ယခု ဆေးသိပ္ပံပညာမဟာဌာနကို နိုင်ငံတကာအရည်အသွေးအသိအမှတ်ပြု မဟာဌာနကြီးဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး "Quality Culture" အရည်အသွေးအလေးထားသည့် ဓလေ့ထုံးစံဖြစ်သည့် တက္ကသိုလ်ပညာရေးစံတစ်ခု ပုံဖော်နိုင်ရေးသည်လွန်စွာအရေးကြီးပါကြောင်း၊** ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုရသော ပညာပြည့်ဝနှလုံးလှသော ဆရာဝန်ကောင်းများ၊ နိုင်ငံတော်၏ကျေးဇူးတရားကို ယုံကြည်ချက်၊ ခံယူချက်၊ ခိုင်ခိုင်မာမာဖြင့် ပြည်သူလူထုကို ကျေးဇူးဆပ်နိုင်သော အဖိုးတန်နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(စီမံ) တို့က ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ကို Naypyitaw State Academy, Faculty of Medicine ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Function Hall အတွင်း ခင်းကျင်းပြသထားသော ဆေးသိပ္ပံပညာမဟာဌာနတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် စာအုပ်စာတမ်းများ၊ Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်း၊ စာသင်ခန်းများနှင့် Smart Lecture Room အတွင်း ဆေးပညာအခြေခံနှစ် ဘာသာရပ်သင်ခန်းစာများကို အဆင့်မီသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် သင်တန်းများအားလုံး ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၃**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ ဘာသာရပ်များမှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲကျင်းပ

**မကွေး နိုဝင်ဘာ ၂၃**

မကွေးမြို့ ကွန်ပျူတာတက္ကသိုလ်(မကွေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် ဝင်ခွင့်ရသည့် ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲ The First Day of University အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ကွန်ပျူတာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က Zoom စနစ်ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်ကြားရေးနှင့် စီမံရေးရာဌာနမှူးများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက Physics Lab၊ Hadware Lab နှင့် တက္ကသိုလ်စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကွန်ပျူတာတက္ကသိုလ်(မကွေး) တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်ဝင်ခွင့်ရသည့် ကျောင်းသား ၃၇ ဦး၊ ကျောင်းသူ ၇၉ ဦး စုစုပေါင်း ၁၁၆ ဦး ဝင်ခွင့်ရရှိပြီး သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ကြောင်း သိရသည်။ **ဇော်ဘီ**

# တက္ကသိုလ်များ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် တက္ကသိုလ် ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက်ရောက်ကြသည်။

**အခက်အခဲမရှိ အဆင်ပြေချောမွေ့စေရန်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အားလုံးစတင်ဖွင့်လှစ်သည့်နေ့ဖြစ်၍ ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ ရောက်ရှိ ပညာသင်ယူနေကြပြီဖြစ်ကြောင်း၊ ကျောင်းစတင် ဖွင့်လှစ်သည့်နေ့မှစ၍ စာသင်ခန်းအသီးသီးတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ဆရာ၊ ဆရာမများက မိမိတို့၏သင်ကြားရေးတာဝန်များကို မပျက်မကွက် ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ ကျောင်းအပ်လက်ခံရေး လုပ်ငန်းစဉ်များတွင်လည်း ကျောင်းသားများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စေရန် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် သက်ဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သက်ဆိုင်ရာပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက လိုအပ်သည်များကို ဝိုင်းဝန်းလက်တွဲ၍ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာကြိုးပမ်းသွားကြရန်လိုကြောင်း၊ မိမိတို့တက္ကသိုလ်များ၏ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် တက္ကသိုလ်ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာ လှပရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဆိုင်ရာစီမံခန့်ခွဲရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းများဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်တက္ကသိုလ်တွင် အထူးပြုဘာသာရပ်အလိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံ လက်ခံဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး



**မော်လမြိုင် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အထူးပြုဘာသာရပ်အလိုက် ပထမနှစ်မှ ပါရဂူတန်းအထိ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံလက်ခံ ဆောင်ရွက်ပေးနေမှု အခြေအနေကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ မော်လမြိုင်တက္ကသိုလ် ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းက ဘာသာရပ်အလိုက် ကျောင်းအပ်နှံ လက်ခံဆောင်ရွက်နေမှု၊ ပညာသင်ကြားပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ပညာရေးကဏ္ဍ အရည်အသွေး တိုးတက်မြင့်မားရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသူ ကျောင်းသားများအား တစ်ဆင့်ပြီး တစ်ဆင့် ပညာဆက်လက် သင်ယူနိုင်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် မိမိကျရာ အခန်းကဏ္ဍမှ ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ပညာသင်နှစ်အလိုက် ကျောင်းသား ကျောင်းသူများ၊ စိတ်အေးချမ်းသာစွာ၊ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန်နှင့် တက္ကသိုလ်၏ သွင်ပြင်လက္ခဏာ ပေါ်လွင်စေရေးနှင့် တက္ကသိုလ်ပရဝဏ် သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်တက္ကသိုလ်ရှိ ပညာသင်နှစ်အသီးသီးမှ အထူးပြုဘာသာရပ်အလိုက် ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်များ ဖွင့်လှစ်သင်ကြားပေးနေမှုအပေါ် လိုက်လံကြည့်ရှုပြီး (အပေါ်ပုံ) ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးသည်။

မော်လမြိုင် တက္ကသိုလ်တွင် အထူးပြုဘာသာရပ်အလိုက် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် နိုဝင်ဘာ ၂၃ ရက်အထိ ကျောင်းသား ကျောင်းသူ ၅၈၆၁ ဦးကို ကျောင်းအပ်နှံ လက်ခံဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဖွင့်ပွဲအခမ်းအနားနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး(စီမံ)က ကျောင်းသား ကျောင်းသူများကို စာရေးကိရိယာ၊ အဝတ်အစား၊ အိပ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဆုရကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။ (**အောက်ပုံ**)

**သတင်းစဉ်**





# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)၌ အခြေခံဂဟေဆက်သင်တန်းဖွင့်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးမြို့၌ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ သင်တန်းမှရရှိသည့် အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ မိသားစုစားဝတ်နေရေးအဆင်ပြေစေရန်၊ အခမဲ့ဖွင့်လှစ်ပေးသော သင်တန်းမှရရှိသည့် အတတ်ပညာဖြင့် အသက်မွေးမှုပြုလုပ်နိုင်ရန် အစရှိသည့်ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော အခြေခံဂဟေဆက်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၂ ရက်က ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး ဒေါ်မို့မို့သွင်က အမှာစကားပြောကြားသည်။ ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဦးဝင်းမင်းစိုးက သင်တန်းပို့ချမည့်ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ စတင်ဖွင့်လှစ်မှု ဓာတ်ပုံမြင်ကွင်း

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေးတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ပညာရေးဒီဂရီကောလိပ်တို့ကို နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ လေ့လာသင်ယူနေကြသည့် မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



မကွေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စတုတ္ထနှစ် သချ်ာကျောင်းသား ကျောင်းသူများ စာသင်ကြားနေစဉ်။ (သင်တန်းများကို နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ မကွေးတက္ကသိုလ်၌ ကျောင်းသားဦးရေ ၅၆၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။)

ကျော်မင်းဦး(ခရိုင်ပြန်/ဆက်)



နည်းပညာတက္ကသိုလ် (ပုသိမ်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများအားလုံးကို နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းဖွင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပစဉ်။

အေးမဥ္ဇူ




ရန်ကုန်တိုင်းဒေသကြီး လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ပုံမှန်သင်တန်းနှင့် ဘွဲ့ရသင်တန်းများကို နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ သင်ယူနေစဉ်။

ဉာဏ်ဟိန်း



မိတ္ထီလာစီးပွားရေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ စာသင်ယူရန် တက္ကသိုလ်သို့ လာရောက်စဉ်။

သိန်းမြင့်ကျော် (မိတ္ထီလာ)



ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် နိုဝင်ဘာ ၂၃ ရက်က သင်ခန်းစာများ စတင်သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ သင်ယူနေစဉ်။

ခရိုင်(ပြန်/ဆက်)



နည်းပညာတက္ကသိုလ်(မအူပင်)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများကို နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်သင်ကြားပေးရာ ကျောင်းသား ကျောင်းသူများ သင်ယူနေစဉ်။

ခရိုင်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ငမိုးရိပ်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှု လျှော့ချရေးအတွက် သောင်တူးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငမိုးရိပ်ချောင်း သောင်တူးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးသည် သောင်တူးသင်္ဘောကြီးများ ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ သောင်တူးဖော်ခြင်းကြောင့် ကမ်းပြို ကမ်းစားမှုများ မဖြစ်ပွားစေရေး၊ လုပ်ငန်းခွင် အန္တရာယ် မဖြစ်စေရေး (Safety First) ဂရုစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလဆန်းတွင် မိုးရွာ သွန်းမှု များပြားခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (မြောက်ပိုင်း) မြို့နယ်များ၊ မြောက်ဥက္ကလာပမြို့နယ်နှင့် တောင် ဥက္ကလာပမြို့နယ်တို့တွင် ရေကြီးရေလျှံမှုများ



ဖြစ်ပေါ်ခဲ့သဖြင့် ရေကြီးရေလျှံမှု လျော့နည်းသက်သာ စေရေးအတွက် ငမိုးရိပ်ချောင်း သောင်တူးဖော်ခြင်း လုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း ၍ နိုဝင်ဘာ ၁၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိ သည်။

ငမိုးရိပ်ချောင်း ရေကြီးရေလျှံမှုလျော့နည်းစေရေး သောင်တူးခြင်းလုပ်ငန်းကို ငမိုးရိပ်ရေထိန်းတံခါးမှ ငမိုးရိပ်ချောင်းဆုံအထိ အလျား ပေ ၂၃၀၀ နှင့် ငမိုးရိပ် ချောင်းအတွင်း အလျားပေ ၁၀၀၀၀ ကို ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်း ဒေသကြီးရုံးက ဆောင်ရွက်လျက်ရှိပြီး ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပေါက္ကံတံတားမှ အထက်ဘက် စုစုပေါင်း အလျား ပေ ၂၅၀၀၀၊ အောက်ခြေအကျယ်ပေ ၁၀၀၊ တူးဖော် မည့်ပမာဏ ၆၇၂၇၁၀ ကုဗမီတာကို နိုင်ငံတော်ပိုင် သောင်တူးသင်္ဘောကြီး နှစ်စင်းဖြင့် နိုဝင်ဘာ ၁၂ ရက်မှစ၍ တူးဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အလျားပေ ၁၂၅၀ ခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီ နှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ၇ ချက်နှင့်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"သည် ယခုအသက် ၁ နှစ်၊ ၄ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၉၆၈ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာ ဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော် လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါး လာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချောင်းသာမြို့၊ ပုသိမ်မြို့နှင့် ရွှေသောင်ယံမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ အပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည် ကောင်းမွန်လာသည့် တပ်မတော် သား အရာရှိ၊ စစ်သည်များ အား တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူ အပန်းဖြေ ခရီးစဉ်အဖြစ် ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာ ကမ်းခြေသို့ မော်တော်ယာဉ် များဖြင့် နိုဝင်ဘာ ၁၈ ရက်က ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ အပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော် သား အရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာ အပန်းဖြေဧည့်ရိပ်သာမှ ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာ ကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရင်းရင်း နှီးနှီး ပို့ဆောင်နှုတ်ဆက်ကြ ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန် တိုင်းစစ်ဌာနချုပ်မှ ဒုတိယ တိုင်းမှူးနှင့် တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ထိုသို့ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ ၆ ရက်ကြာ အနားယူ အပန်းဖြေခရီး သွားရောက်ခဲ့ကြ သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ချောင်းသာ ကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့် ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီ ဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက် ခဲ့ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီး၊ ချောင်းသာ ကမ်းခြေရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်၊ ကျောက် မောင်နှမစေတီတော်၊ တဂေါင်း မင်္ဂလာ မဟာစေတီတော်မြတ် ကြီး၊ ချောင်းသာမြို့ စကားဝါ တောင်ပေါ်ရှိ ဒီပါအေးမြ မဟာ နဂါးရုံဘုရားနှင့် အနန္တဇိန လောကမာရ်အောင် စေတီတော် မြတ်ကြီးတို့အား ဖူးမြော်ကြည်ညို ခြင်း၊ ချောင်းသာမြို့ စကားဝါ တောင် မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတိုက်ရှိ ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ တေဇနိယထံ အလှူငွေများ ဆက်ကပ်လှူဒါန်း ခြင်း၊ ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင် ရွက်ခြင်း၊ ပုသိမ်မြို့ရှိလောကနန္ဒာ စေတီနှင့် နီးဘုရားတို့အား ဖူးမြော် ကြည်ညိုခြင်း၊ ပုသိမ်မြို့ရှိ ရွှေစာ ပုသိမ်ထီးလုပ်ငန်းသို့ လေ့လာ ခြင်း၊ သဲဖြူကျွန်းသို့ လေ့လာခြင်း၊ ချောင်းသာမြို့ ရွှေသာယာမြို့မ ဈေး၊ သရက်တောထိုးမုန့် ပြုလုပ် ပုံလေ့လာခြင်း၊ ကမာခရုလက်မှု ပညာအား လေ့လာခြင်း၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်ပန်းပု ပြတိုက်၊ ဒီရေတောတံတားတို့ကို လေ့လာခြင်း၊ ပုသိမ်မြို့ရှိ ရွှေမြင်းပျံ ပုသိမ်ဟလဝါလုပ်ငန်း စသည့် အထင်ကရနေရာများသို့ သွား ရောက် လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အနားယူအပန်းဖြေ ခရီးစဉ်သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်း မှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ တန်ခိုးကြီး ဘုရားစေတီများ၊ အထင်ကရ နေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက် ၍ လိုက်လံရှင်းလင်းပြသခြင်းများ ကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များအနေဖြင့် စိတ်လက် ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတ များကို လေ့လာခဲ့ကြပြီး ၎င်းတို့ အတွက် လွန်စွာအကျိုးရှိသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ ယခု ကဲ့သို့ အပန်းဖြေခရီးစဉ် သွား ရောက်နိုင်ရေး စီစဉ်ဆောင်ရွက် ပေးခဲ့သည့် တပ်မတော် အကြီး အကဲများကိုလည်း ကျေးဇူးအထူး တင်ရှိကြောင်းနှင့် စိတ်ဓာတ် ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တောင် ဥက္ကလာပမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ ကလေး သူငယ်များအတွက် သဘာဝဘေး



အန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေး အသိပညာပေး အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန က ဆောင်ရွက်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီး အရာရှိ ဦးဇင်မင်းက ကလေး သူငယ်များအတွက် သဘာဝဘေး အန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေး အသိပညာပေး ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ များအား ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ သရုပ်ပြခြင်း၊ ဂိမ်း ကစားနည်း ကိုးမျိုးဖြင့် ဂိမ်း ကစားခြင်းများကို တပ်ဖွဲ့ဝင် ၅၀ နှင့် ဆောင်ရွက်ပြီး မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၂၀ တက်ရောက်ခဲ့ သည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဟောပြောပွဲပြုလုပ်

**ခန္တီး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ခရိုင်လူမှုဝန်ထမ်းရုံးမှ ကြီးမှူးကျင်းပသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က အခြေခံ ပညာအထက်တန်းကျောင်း(ပေါမိုင်း) ကျန်စစ်သားခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းလွင်ဦးက အမှာစကား ပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူ ထွန်းက လူ့အခွင့်အရေးချိုးဖောက်သော ကိစ္စရပ်များအဖြစ် အသိအမြင် တိုးလာစေရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၂၃၀ ခန့် တက်ရောက် သည်။

**အေးခိုင်(ပြန်/ဆက်)**

# MNDAA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများက မြန်မာ - တရုတ် နှစ်နိုင်ငံကုန်သွယ်ဂိတ် ကျင်စန်းကျော့အတွင်းရှိ ဆဲဗင်းဟွာကျင့်ကုမ္ပဏီ သွင်းကုန်ကားဝင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ မီးလောင်ပျက်စီး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

MNDAA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်သားများနေထိုင်ရာ ရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိက အဆောက်အဦများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင်လည်း MNDAA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်ထားမှုမရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သော မြန်မာ – တရုတ် နှစ်နိုင်ငံကုန်သွယ်ဂိတ် ကျင်စန်းကျော့အတွင်းရှိ ဆဲဗင်းဟွာကျင့်ကုမ္ပဏီသွင်းကုန်ကားဝင်းအတွင်းသို့ Drone ယာဉ်များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့ရာ ကားဝင်းအတွင်း ရပ်နားထားသည့် မော်တော်ယာဉ်များပေါ်သို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ယာဉ်တစ်စီးမှတစ်စီး ဆက်လက်လောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ရသည်။





ထိုကဲ့သို့ မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်များ အသုံးပြုကာ မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အနီးဝန်းကျင်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များမှလည်း အလျင်အမြန်သွားရောက်ပူးပေါင်းကာ မီးငြိမ်းသတ်ခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

MNDAA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများ၏ ယခု အကြမ်းဖက်လုပ်ရပ်ကြောင့် ကားဝင်းအတွင်းရပ်နားထားသည့် သွင်းကုန်မော်တော်ယာဉ် ၂၅၈ စီးရှိသည့်အနက် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် အိမ်ဆောက်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်အစီး ၁၂၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ များစွာ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မော်လမြိုင်တက္ကသိုလ်ဝန်ထမ်းများ ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ခွင့် ပိတ်ပင်ခံရဟု Social Media များတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့မှုကြောင့် မော်လမြိုင်တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသည်လည်း စိုးရိမ်စိတ်များဖြင့် နီးစပ်ရာ ဆွေမျိုးနေအိမ်များနှင့် ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ကြသူများ များပြားလာခြင်းကြောင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်မှ နိုဝင်ဘာလ ၁၆ ရက်တွင် အရေးပေါ်အစည်းအဝေးပြုလုပ်၍ တက္ကသိုလ်ရှိ ဝန်ထမ်းများအနေဖြင့် ကျောင်းအတွင်း ပြန်လည်နေထိုင်ကြရန်နှင့် ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ခွင့်များ ပိတ်ပင်ခဲ့ကြောင်း Social Media များတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်၏ ပြောကြားချက်အရ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးမှာ ပုံမှန် အစည်းအဝေးသာဖြစ်ပြီး Social Media များတွင် ရေးသားဖြန့်ဝေနေမှုများသည် လုပ်ကြံသတင်းအမှားများသာ ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှုများကို ထိခိုက်စေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်မှုကို အားပေးသည့် မီဒီယာအချို့မှ ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ဘားအံမြို့၌ အကြမ်းဖက်သမားများအား ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် အကြမ်းဖက် သမားများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့ မြို့မဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အကြမ်းဖက်သမားများအား ဆန့်ကျင်ရှုတ်ချပွဲသို့ တက်ရောက်လာသော ဘားအံ၊ မြဝတီမြို့နယ်များမှ ပြည်သူများက အကြမ်းဖက်မှုများအား (ဆန့်ကျင်ကြ၊ ဆန့်ကျင်ကြ)၊ သတင်းမှားများ ထုတ်ပြန်သော မီဒီယာများ (အလိုမရှိ အလိုမရှိ)၊ ကြေညာချက်အမှားများ ထုတ်ပြန်နေသော မီဒီယာများ (အလိုမရှိ အလိုမရှိ) စသော ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။



ထို့နောက် ဘားအံ၊ မြဝတီမြို့တို့မှ ပြည်သူများက "အကြမ်းဖက်မှုများအား (ဆန့်ကျင်ကြ၊ ဆန့်ကျင်ကြ)၊ သတင်းမှားများ ထုတ်ပြန်သော မီဒီယာများ (အလိုမရှိ အလိုမရှိ)၊ ကြေညာချက်အမှားများ ထုတ်ပြန်နေသော မီဒီယာများ (အလိုမရှိ အလိုမရှိ)၊ ဖာပွန်၊ ကော့ကရိတ် မြို့နယ်အတွင်းရှိ တံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ဖျက်ဆီးခဲ့သော အကြမ်းဖက်လုပ်ရပ်များ အလိုမရှိ" စသည့် ပိုစတာများ ကိုင်ဆောင်၍ စုစုပေါင်းအင်အား ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၇၈၈ ဦး၊ အမျိုးသမီး ၁၄၄ ဦး စုစုပေါင်း ၉၃၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၅၆၁၂ ဦး၊ အမျိုးသမီး ၅၂၆ ဦး၊ စုစုပေါင်း ၆၁၃၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားသက်န်း ကပ်လှူပူဇော်ခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားသက်န်းကပ်လှူပူဇော်ခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သံဃာရာမအဆောင်(၁) ညှော့ခန်းမဆောင်၌ ကျင်းပသည်။**



အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်းဆရာတော်ထံမှ ညှော့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သာသနာရေးဆိုင်ရာများနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ထုံးတမ်းအစဉ်အလာများနှင့်အညီ ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားသက်န်း ကပ်လှူပူဇော်ခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းလျှောက်ထားကြသည်။ **(ယာပုံ)**

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက စေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူခြင်းနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံပြု၍ အများပြည်သူ ရဟန်းရှင်လူများ ဆတက်ထမ်းပိုး ကြည်ညိုဖွယ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီများအား ငါးနှစ်တစ်ကြိမ် ရွှေသင်္ကန်း ပြန်လည်ကပ်လှူဒါန်းပူဇော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဘုရားရှင်၏ ဂုဏ်တော်များကို အမြဲမပြတ် ပွားများအားထုတ်ကြမည်ဆိုပါက မိမိတို့ ရည်မှန်းထားသည့်အတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်၍ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများ၍ ဆောင်ရွက်ကြစေလိုကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ(ကျောက်မဲ) ဆရာတော်နှင့် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒက စေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့်စပ်လျဉ်း၍ ဩဝါဒကထာများ မိန့်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအဆင့် National ICT Awards 2023 (Educational Project & Skills Competition) ပြိုင်ပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးအဆင့် National ICT Awards 2023 (Educational Project & Skills Competition) ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဆရာကြီး ဦးခင်အောင်ရီက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များက သီရိပညာခန်းမနှင့် ကွန်ပျူတာခန်းမတို့တွင် သတ်မှတ်ခေါင်းစဉ်များဖြင့် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီး ပညာရေးမှူးဆရာကြီး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

အဆိုပါပြိုင်ပွဲကို ပညာရေးကဏ္ဍတွင် ICT နည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရန်၊ ICT နယ်ပယ်တွင် ထူးချွန်ထက်မြက်သော မြန်မာလူငယ်ပညာရှင်များပေါ်ပေါက်လာစေရန်၊ ဆရာဆရာမများအနေဖြင့် ICTနည်းပညာ ပိုမိုကျွမ်းကျင်လာစေရန်နှင့် သင်ကြားသင်ယူမှုတွင် ICT အထောက်အကူပြုသင်ခန်းစာများ ဖန်တီးသင်ကြားလာနိုင်စေရန်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်သောပညာရှင်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် ကွန်ပျူတာအသင်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအဆင့် National ICT Awards 2023 (Educational Project & Skills Competition) ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီး(အရှေ့)မှ ဆရာ ဆရာမ၊ ပညာရေးဝန်ထမ်းအဆင့် သုံးဦး၊ အခြေခံပညာအထက်တန်းအဆင့် ကိုးဦး၊ အခြေခံပညာ အလယ်တန်းအဆင့် ၂၈ ဦး၊ အခြေခံပညာမူလတန်း အဆင့် ၂၅ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အဆင့်တစ်ခုစီမှ ယှဉ်ပြိုင်ကြသူများအနက်မှ မြန်မာနိုင်ငံကွန်ပျူတာအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်ဆရာများ၊ ဘာသာရပ်ကျွမ်းကျင်သည့် ဆရာ ဆရာမများ၊ ကွန်ပျူတာပညာရှင်အသင်း တာဝန်ရှိသူများက ဒိုင်များအဖြစ် ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယအဖြစ် သုံးဦးစီရွေးချယ်၍ အခြေခံပညာဦးစီးဌာနသို့ပေးပို့ကာ ဗဟိုအဆင့်အတွက် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **သက်ထက်**

# သန်လျင်၌ အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၃

သန်လျင်ခရိုင် အမျိုးသမီးကော်မတီလုပ်ငန်း ညှိနှိုင်းစည်းဝေးကို နိုဝင်ဘာ ၂၂ ရက်က သန်လျင်မြို့ရှိ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာအောင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိရေး၊ အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စု ၃၄ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးခဲ့မှုနှင့် သက်ငယ်မုဒိမ်းနှင့် အိမ်တွင်း အကြမ်းဖက်မှုကူညီပေးရေးဆောင်ရွက်ပေးနေမှုကို အကြံပြုဆွေးနွေးကြသည်။ **သန်းဝင်း (သန်လျင်)**

# ဘားအံမြို့၌ ခရိုင်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ဘားအံ နိုဝင်ဘာ ၂၃

ကရင်ပြည်နယ် ဘားအံမြို့၌ ခရိုင်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ဥက္ကဋ္ဌ ဦးအောင်လွင်က ဘားအံခရိုင်အတွင်း ယာဉ်မတော်တဆ ထိခိုက်မှုများကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများနှင့် ယာဉ်ကြော ပိတ်ဆို့မှုများ လျော့နည်းကျဆင်းစေရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ခရိုင်အတွင်း လုပ်ငန်းလိုအပ်ချက်အရ အဖွဲ့ဝင် ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ ယာဉ်မတော်တဆ ထိခိုက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန် ခရိုင်အဆင့် ဆပ်ကော်မတီလေးခု ဖွဲ့စည်းထားကြောင်းနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆ ထိခိုက်မှုများ လျော့နည်းစေရေးအတွက် ခရိုင်အဆင့် ကော်မတီဝင်များက ပူးပေါင်းပါဝင်ပေးရန်နှင့် လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု စည်ရှင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၂၃

**နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ စည်ရှင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ (သက်တော်(၈၅)၊ သိက္ခာတော် (၆၆)ဝါ)သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အန္တိမစျာပနသာဓုကီဠနအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ယင်းကျောင်းတိုက်ရှိ အောင်မြေသာစည်အလယ်တိုက်ကြီးတွင် ကျင်းပသည်။**



**တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါ လွှမ်း၍ ပူဇော်စဉ်။**

အဆိုပါ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ သောဌသမ ရွှေကျင် သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာန ဆိုင်ရာများနှင့်တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းသံဃာတော်များ နှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ဝတ် အသင်းအဖွဲ့များ၊ဧည့်ပရိသတ်များ၊ ဆွေ တော်မျိုးတော်များ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြပြီး သဗ္ဗေ သင်္ခါရာ အနိစ္စာအစရှိသော (၃)ဂါထာကို ရွတ်ဆို သံဝေဂဉာဏ်ပွားများ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

### သီလခံယူဆောက်တည်

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင် ဆရာ တော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ် အားလုံးက ရှစ်ပါးသီလ ခံယူဆောက်တည် ကြသည်။

### စိန်ကတ္တီပါလွှမ်း၍ ပူဇော်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီး ဝန်ကြီး များက ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်ဘုရား ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်သည်။



**ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်တော်တည်ရှိရာ ရောဦးဆိပ်ကမ်းရှိ စျာပနကွင်းသို့ ပင့်ဆောင်ကြစဉ်။**

ဆက်လက်၍ ရွှေကျင်ဂိုဏ်းအကျိုး တော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ အဝေရာ ရာမ ရန်ကင်းဆရာတော်က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဗဟိုဌာန သံဃာတော်များ၏ သံဝေဂိယ ကထာဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏သံဝေဂဉာဏ်ပွားကြောင်း မှတ်တမ်းတင်သဝဏ်လွှာကို ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်းတိုက် နိုင်ငံ တော်သံဃမဟာနာယက တွဲဖက်အကျိုး တော်ဆောင် ဘဒ္ဒန္တစန္ဒဝံသာ ဘိဝံသက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဝမ်းနည်း ကြောင်းသဝဏ်လွှာကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းက ဖတ်ကြားပူဇော်ပြီး ထေရုပ္ပတ္တိအကျဉ်းကို ဒီပဲယင်းတိပိဋကဓရ ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရက ဖတ်ကြားပူဇော်သည်။

ယင်းနောက် စည်ရှင်ဆရာတော်ကြီး ကိုယ်တိုင် ရေးသားအပ်သော မဟာထေရ ဂုဏဂီတိကာ သံဝေဂရစနာဂါထာများကို မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာ ဘိဝံသက ဖတ်ကြားပူဇော်သည်။

ထို့နောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ နိုင်ငံတော်သြဝါဒါ စရိယ သောဌသမရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံသို့ တိုင်း ဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ ဘိဝံသထံသို့ တိုင်းမှူးကလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားတက်ရောက်ကြသူများ က ဆရာတော်သံဃာတော်များအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ မရဏာနုဿတိ ဘာဝနာတရားနှင့် ရေစက်သွန်းချတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှ ပေးဝေကြသည်။

ဆက်လက်၍ ဒီပဲယင်းတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တက တပည့် သံဃာ ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိက သည်းခံခွင့်လွှတ်တော်မူရန် ဝန်ချတောင်းပန်ကန်တော့သည့် ခမာပန ဝန္ဒနာကို ရွတ်ဆိုတိုင်ကြားကာ တောင်းပန် ကန်တော့၍ ဆရာတော်ဘုရားကြီးအား နောက်ဆုံးတောင်းပန် ကန်တော့ကြပြီး အနိစ္စာ ဝတသင်္ခါရာအစရှိသော (၃)ဂါထာ ကို ရွတ်ဆိုသံဝေဂဉာဏ်ပွားများ၍ အခမ်း အနားအစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းခဲ့ သည်။

### ကရဝိက်ယာဉ်ပေါ်သို့ ပို့ဆောင်

ယင်းနောက် အစီအစဉ် ဒုတိယပိုင်း အဖြစ် မဟာအောင်မြေမြို့နယ် ရောဦး ဆိပ်ကမ်းရှိ စျာပနကွင်းသို့ ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပရာ အခမ်းအနားမှူးက ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက် ယာဉ်ပေါ်သို့ ကြွရောက်တော် မူပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ကရဝိက် ယာဉ်ပေါ်သို့ ပို့ဆောင်ရန်အတွက် ဆရာ တော်ကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ရာတွင် တပည့်သံဃာတော် များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်း ဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆွေတော်မျိုးတော်တို့က သတ်မှတ်နေရာ အသီးသီးမှ ကရဝိက်ယာဉ်ပေါ်အထိ ပင့်ဆောင်ကြပြီး လောင်တိုက်တော် တည်ရှိရာ ရောဦးဆိပ်ကမ်းရှိ စျာပနကွင်း သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်ရာတွင် ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား တင်ဆောင်ထားသည့် ကရဝိက်ယာဉ် တော်ကို အုပ်ချုပ်မှုယာဉ်များ၊ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ မထေရ် ကြီးများ၏ယာဉ်များ၊ ဆရာတော်ဘုရား ကြီးပုံတော် ၊ ဘွဲ့တံဆိပ်တော် အဆောင် အယောင်များ တင်ဆောင်သည့်ယာဉ်၊ ဝတ် အသင်းယာဉ်များနှင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ တပည့် ဒါယကာ ဒါယိကာမများ၊ ပြည်သူလူထု အပေါင်းတို့က လိုက်ပါခြံရံ၍ ပို့ဆောင် တော်မူကြသည်။

ဆက်လက်ပြီး အစီအစဉ်တတိယပိုင်း အဖြစ် အန္တိမစျာပန ပူဇာသဘင်ကို ကျင်းပရာ ဆရာတော်ကြီး၏ ရုပ်ကလာပ် တော်အား ကရဝိက်ယာဉ်တော်ပေါ်မှ လောင်တိုက်ပေါ်သို့ တပည့်သံဃာတော် တို့က စတင်ပင့်ဆောင်ကာ လောင်တိုက် တော်ကို လက်ဝဲရစ် လှည့်လည်ပင့်ဆောင် ပြီး ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော် အား မဂ်လာပန်းရထားပေါ်သို့ ပင့်ဆောင် ကြသည်။

### လောင်တိုက်တော်ပေါ်သို့ပင့်ဆောင်

၎င်းနောက် အခမ်းအနားမှူးက ဆရာ တော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါ မည့်အကြောင်း အဘိယာစန နိမန္တနဂါထာ ဖြင့် တောင်းပန်လျှောက်ထားပြီး ရုပ် ကလာပ်တော်အား လောင်တိုက်တော်ပေါ် သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ဆက်လက်၍ သံဃာတော် အရှင် သူမြတ်များ ဦးဆောင်၍ အနိစ္စာဝတ သင်္ခါရာ အစချီသော သံဝေဂ (၃)ဂါထာကို ရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ် တော်မူပါရန် တောင်းပန်ကန်တော့လွှာ ဖြင့် နောက်ဆုံး တောင်းပန်ကန်တော့၍ သာဓုသုံးကြိမ် ခေါ်ဆိုကြပြီးနောက် စည်ရှင်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသက စက်ခလုတ်နှိပ် ၍ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ် တော်အား အဂ္ဂိစျာပနတေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ ခွဲစိတ်ကုသပေးမည်

**မိတ္ထီလာ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိထံမှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများတိုးတက်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ရောဂါကာကွယ်ခြင်း၊ ရောဂါများကို ထိရောက်စွာကုသပေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူမှုဘဝတိုးတက်စေရေး အတွက် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား မိတ္ထီလာမြို့အထွေထွေရောဂါကု ဆေးရုံကြီး၌ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ခွဲစိတ်ကုသမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုခံယူနိုင်ရန်အတွက် မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကြိုတင်စာရင်းပေးထားပြီး သတ်မှတ်ရက်တွင် လာရောက်ခွဲစိတ်ကုသမှုခံယူနိုင်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ ရန်ကုန်မြို့ရှိကျောင်းများတွင် တပ်မှဝင်ရောက်တပ်စွဲသည်ဟု ထုတ်ပြန်နေသော ကောလာဟလသတင်းများ၊ မူဆယ်မြို့နယ်၊ ကောင်းခံကျေးရွာအနီးရှိ Seven ဟွာကျင့် ကုန်တင်ကုန်ချကားကြီးဝင်း MNDAA နှင့် TNLA ပူးပေါင်းအကြမ်းဖက်သမားများမှ ကားများအပေါ် Drop ဗုံးများဖြင့် တိုက်ခိုက်ခဲ့မှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားမှု အခြေအနေများနှင့် လက်ရှိကောလာဟလသတင်းမျိုးစုံထုတ်လွှင့်နေမှုများသည် ယခင်ဗကပမှ ပြုလုပ်ခဲ့သည့်နည်းလမ်းဟောင်းများအတိုင်းလုပ်ဆောင်နေမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတွေမှာ အခုဖြစ်ပေါ်နေတယ်လို့ပြောနေတဲ့ Online လိမ်လည်မှုအပြင် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိရာမှာ ဒီနေ့မှာတော့ နိုဝင်ဘာလ ၂၃ ရက်နေ့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၇၈၈ ဦး အမျိုးသမီး ၁၄၄ ဦး ပေါင်း ၉၃၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၃ ရက်နေ့အထိ စုစုပေါင်း ၆၁၃၈ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်ကြားဒေသ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။

ဒုတိယအနေနဲ့ကတော့ ရန်ကုန်မှာရှိတဲ့ ကျောင်းတွေမှာ တပ်တွေက ဝင်ရောက်တပ်စွဲတယ်ဆိုတဲ့ ကောလာဟလသတင်း ဖြစ်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး မှန်ကန်မှုလည်းမရှိပါဘူး၊ အခြေအမြစ်လည်း မရှိပါဘူး။ ဒီဟာနဲ့ပတ်သက်ပြီး မနေ့ကလည်း ပြောပြီးဖြစ်ပါတယ်။ ကျောင်းတွေ ပိတ်လိုက်ရတယ်၊ ကျောင်းတွေမှာ လုံခြုံရေးစိုးရိမ်ရတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်။ ပေါ်တာဆွဲတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်။ ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့မှာ ပုံမှန်ကင်းလှည့်တာတွေ၊ ပုံမှန်ဆောင်ရွက်တဲ့လုပ်ငန်းတွေပဲ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

ဒီနေ့မှာတော့ မနက် ၉ နာရီ ၄၅ မိနစ်လောက်မှာ မူဆယ်မြို့နယ် ကောင်းခံကျေးရွာအနီးမှာရှိတဲ့ Seven ဟွာကျင့် ကုန်တင်ကုန်ချကားကြီးကွင်း MNDAA နဲ့ TNLA ပူးပေါင်းအဖွဲ့သောင်းကျန်းသူအဖွဲ့က ကောင်းခံရွာရဲ့ တောင်ဘက်ကနေ Drone များနဲ့ ကားတွေပေါ် Drop Bomb များ ကြဲချခဲ့တာရှိပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ကို Export တင်သွင်းလာတဲ့ကား ၂၅၈ စီးရှိပါတယ်။ အဓိကတော့ လူသုံးကုန်ပစ္စည်းတွေ၊ ဆေးဝါးပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေ တင်ထားတဲ့ ကားတွေဖြစ်ပါတယ်။ ဒီကားတွေဟာ လမ်းမှာ ကျွန်တော်တို့ မူဆယ် – မန္တလေးလမ်းမကြီးတစ်လျှောက်မှာ TNLA နဲ့ MNDAA အဖွဲ့တွေက ကားလမ်းတွေဖျက်ဆီးပြီး တံတားများ ချိုးထားတဲ့အတွက် ဒီနေရာမှာ ရပ်တန့်ထားတဲ့ ကားတွေဖြစ်ပါတယ်။ အဲ့ ၂၅၈ စီးထဲက အစီး ၁၂၀ လောက် မီးလောင်ပျက်စီးခဲ့ပါတယ်။ ဒါကိုကျွန်တော်တို့ မူဆယ်မှာရှိတဲ့ မီးသတ်တပ်ဖွဲ့ မီးသတ်ကား လေးစီး လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ တပ်မတော်သားများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး မီးငြိမ်းသတ်ခဲ့ရပါတယ်။ မီးလောင်လွယ်တဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက်ကြောင့်မလို့ မီးအရှိန်ပြင်းပါတယ်။



ဒီညနေပိုင်း ၄ နာရီလောက်မှ မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်။ ကားအစီး ၁၂၀ လောက် မီးလောင်ပျက်စီးခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာသည် စစ်ရေးနဲ့ဆိုင်တဲ့ နေရာလည်းမဟုတ်ပါဘူး။ ဒါပြည်သူလူထုနဲ့ ဆိုင်တဲ့နေရာပဲဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အဓိက အချက်အချာကျတဲ့နေရာ ဖြစ်ပါတယ်။ ပြီးရင် တရုတ်နိုင်ငံဘက်ကနေ တင်သွင်းလာတဲ့ မြန်မာနိုင်ငံအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လူသုံးကုန်၊ ဆေးဝါး၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေ ဖြစ်ပါတယ်။ ဒါတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းသည် ပြည်သူလူထုကို တိုက်ရိုက်စော်ကားတာဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ ပတ်သက်တဲ့ စီးပွားရေးကို တိုက်ရိုက်ထိပါးစော်ကားတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်များအနေနဲ့ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းမှာ နမ့်စလပ်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ နှစ်ပတ်ခန့်ရှိပြီ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အင်အားဖြည့်တပ်များလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီညနေပိုင်းမှာတော့ အင်အားဖြည့်တပ်များရောက်ရှိပြီး ရန်သူအနေနဲ့ အကျအဆုံးများစွာရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ လောက်ကိုင်မှာတော့ မြို့ထဲကို ရှော့တိုက်ဒုံးနဲ့ ၇ လုံး ပစ်ခတ်ခဲ့တာရှိပါတယ်။ လောက်ကိုင်မြို့ပတ်ဝန်းကျင်မှာ တိုက်ပွဲငယ်တွေဖြစ်ပွားခဲ့တာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ဖယ်ခုံဘက်မှာ ထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ စစ်တွေပုံမှန်အတိုင်းပဲဖြစ်ပါတယ်။ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ ထရွှန်အိုင်ဘက်မှာတော့ Drop Bomb ချပြီး တိုက်ခိုက်ခဲ့တာ ရှိပါတယ်။ ဒီနေရာမှာ ပြောချင်တာကတော့ ကျွန်တော်တို့ ဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ပတ်သက်ပြီး ပြည်ဖျက်မီဒီယာများအနေနဲ့ အနောက်နိုင်ငံ အထောက်အပံ့ပေးထားတဲ့ မီဒီယာများအနေနဲ့ တရုတ်နဲ့ မြန်မာဆက်ဆံရေးပိုမိုပျက်ပြားလာအောင် တစ်ဦးနဲ့ တစ်ဦး အထင်အမြင်လွဲအောင် လုပ်ဆောင်နေတာများရှိပါတယ်။ ဒီမူဆယ်မှာရှိတဲ့ ကျင်ဆန်းကျော့ဂိတ်နဲ့ ပတ်သက်ပြီး MNDAA , TNLA အကြမ်းဖက်သောင်းကျန်းသူတွေ Drop Bomb ချပြီးပစ်ခတ်တာကို တပ်မတော်က ပစ်ခတ်သယောင်မျိုးလုပ်ခဲ့တာကို အလုအယက် ချက်ချင်းထုတ်လွှင့်နေခဲ့တာ တွေ့ရပါတယ်။ ဘယ်သူတွေလုပ်တယ်ဆိုတာ ဒီနယ်မြေမှာရှိတဲ့ ဒေသခံတွေသိပါတယ်။ ဘယ်သူတွေက မီးငြိမ်းသတ်ပေးနေရတယ်ဆိုတာ ဒီနယ်မြေမှာရှိတဲ့ ဒေသခံတွေရော၊ သက်သေတွေရောရှိတယ်လို့ ပြောချင်ပါတယ်။ ဒီလိုအချိန်မျိုးမှာတော့ ကောလာဟလသတင်းမျိုးစုံထုတ်လွှင့်မှာ ဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ နိုင်ငံတစ်နိုင်ငံမှာ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးက အရေးကြီးပါတယ်။ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍတွေမှာ ကောလာဟလသတင်းမျိုးစုံ ထုတ်လွှင့်မှာဖြစ်ပါတယ်။ ဒါတွေဟာ ခုမှလုပ်တာမဟုတ်ပါဘူး။ ယခင်ကတည်းကတိုင် ဗကပရဲ့နည်းလမ်းဟောင်းတွေပဲ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ၁၉၆၇ လောက်မှာ မြန်မာနိုင်ငံမှာ အရေးအခင်းတစ်ခုဖြစ်ခဲ့ဖူးတယ်။ အဲ့တာနဲ့ ပတ်သက်ပြီးတော့ကျ ဗကပ က အဲဒီတုန်းက ဥက္ကဋ္ဌဖြစ်နေတဲ့ ဗသိန်းတင်က အသံလွှင့်စကားတစ်ခု ပြောခဲ့ဖူးတယ်။ ၁၉၆၇ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ပေါ့။ ဒီမှာဆိုရင် သူတို့ရဲ့ နယ်မြေတစ်နိုင်ငံလုံးရဲ့ ၅၀ ရာခိုင်နှုန်း တိုးတက်လာပြီတို့၊ တစ်ပြည်လုံးရဲ့ ၆၀ ရာခိုင်နှုန်းကို တိုက်ခိုက်ရေးအင်အားတွေ ဖုံးလွှမ်းနိုင်ပြီဆိုတဲ့ဟာမျိုး ထုတ်လွှင့်ခဲ့ပါတယ်။ ဒါ့အပြင် မနှစ်က အောက်တိုဘာလမှာဆိုရင် ကျွန်တော်တို့တပ်တွေက ရန်ကုန်မှာရှိတဲ့ နေဝင်းရဲ့အိမ်နဲ့ နှစ်မိုင်လောက်ရှိတဲ့ လက်နက်ကိုင်ဌာနတစ်ခုကို ဝင်ရောက်စီးနင်းခဲ့တယ်။ နိုဝင်ဘာလမှာ ရန်ကုန်မြို့ဆင်ခြေဖုံးက သမဝါယမဆိုင်တွေကို ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ပစ္စည်းတွေကို ပြည်သူလူထုကို ဝေခဲ့တယ်ဆိုပြီးတော့ ပြည်ပအသံလွှင့်ဌာနတစ်ခုကနေ ချိတ်ဆက်အသံလွှင့်ခဲ့တာမျိုး၊ သူတို့ကိုယ်ပိုင် အသံလွှင့်ဌာနကနေ ချိတ်ဆက်အသံလွှင့်ခဲ့တာမျိုးတွေအထိ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါမျိုးအလုပ်မျိုးတွေကို ဒီနည်းလမ်းဟောင်းတွေအတိုင်းပဲ ဆက်လက်ကျင့်သုံးနေမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ပြောနိုင်တာ၊ ပြောရမှာ၊ ပြောချင်တာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ၊ ကျွန်တော်တို့ရဲ့ ဦးတည်ချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေအတိုင်းပဲ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်မှာ နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေး ရည်မှန်းချက်တွေရှိပြီး ဖြစ်ပါတယ်။ ပြည်သူလူထုလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ မလွဲမသွေဆက်လက်လျှောက်လှမ်းမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ကို ကျွန်တော်တို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနည်းလမ်းတွေမှအပ ကျွန်တော်တို့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့၊ ရပ်တည်နိုင်ဖို့ အခြားသောနည်းလမ်း မရှိပါဘူး။ ဒါ့ကြောင့် ဒီအချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ စည်းလုံးညီညွတ်စွာနဲ့ လက်တွဲဆောင်ရွက်ရမယ့် အချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၁၂၀၀ ခန့် ပိတ်ထားရကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ်တွင် AA လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း) ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်တော်၊ မြောက်ဦးနှင့်စစ်တွေ စသည့်မြို့နယ် ၁၀ မြို့နယ်၌ စာသင်ကျောင်းပေါင်း ၁၂၀၀ ခန့် ပိတ်ထားရကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စာသင်ကျောင်းများ ပိတ်ထားမှုမရှိဘဲ ကျောင်းများ ပုံမှန်အတိုင်း ဖွင့်လှစ်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သို့ဖြစ်ပါ၍ ဒေသခံတိုင်းရင်းသားများအနေဖြင့် လူမှုကွန်ရက် စာမျက်နှာများတွင် ပြည်ဖျက်မီဒီယာနှင့် အကြမ်းဖက်မှုအားပေးသည့် မီဒီယာအချို့တို့မှ ပညာရေးနှင့်ပတ်သက်၍ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည့် လုပ်ကြံသတင်းများကို ယုံကြည်ခြင်းမရှိကြရန်နှင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို ဆက်လက် အားပေးသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း





**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် " တပ်မတော်သားများ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ ကျန်းမာကြပါစေ၊ တရားသောစစ်ကို ဆင်နွှဲနေကြသည့် ပြည်သူ့တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ကြပါစေ " စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ဒေါ်တင်သိန်း



ဒေါ်အုန်းမေ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ ရဟန္တာ ဦးသီလခေတ်တော် စေတီဝင်းအတွင်းရှိ ဦးသီလသာသနာ့ဗိမာန်၌ အခြေပြု၍ ဇလွန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၃၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၇၀ ၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၄၁ ဦး၊ အရိုးရောဂါ ၁၅၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၆ ဦး၊ မျက်စိရောဂါ ၁၀၃ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေ ခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် လာရောက်ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများအား နေ့လယ်စာ ထမင်းဘူးများ ပေးဝေလှူဒါန်းကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်-





**ဒေါ်တင်သိန်း (ရေလယ်သောင်ကျေးရွာ၊ ဇလွန်မြို့)**

ခြေထောက်အရိုးအကြောဖြစ်တာက လေးနှစ်ကျော်ပြီ။ မျက်စိကွယ်သွားတာတော့ တစ်နှစ်ကျော်ပြီ။ ကုစရာလည်းမရှိတော့ ငုတ်တုတ်နေရတယ်။ အပြင်မှာသွားကုမယ်ဆိုရင် လေးသိန်းကျော်၊ ငါးသိန်းကုန်မယ်တဲ့။ အဘွားတို့ မရှိတဲ့သူတွေက ဘယ်လိုကုနိုင်မလဲ။ အဲဒီတော့ ရွှေပုဇွန်သင်္ဘောကြီးလာမယ်ဆိုတော့ ဝမ်းသာပြီး ပျော်နေတာ။ လာပါစေလို့လည်း ဘုရားမှာ ဆုတွေတောင်းရတယ်။ အခုလာလို့ ကုရတော့လည်း ဝမ်းသာတာပေါ့။ တစ်ပြားမှ မကုန်ဘူး။ ငါးပြားမှ မပေးရတဲ့အပြင် ရောက်တယ်ဆို ထမင်းကျွေး၊ လက်ဖက်ရည်တိုက်တယ်။ လူနာတွေကို နွေးထွေးမှု အများကြီးပေးပါတယ်။ ပြေးထမ်းတယ်၊ ပြေးတွဲတယ်။ ရောက်တယ်ဆိုတာနဲ့ အဆာပြေစားပြီးပြီလားလာမေးတယ်။ မစားရသေးဘူးဆိုရင် အဆာပြေကျွေးတယ်။ လိုလေသေးမရှိပါဘူး။ ပြုစုယုယပေးတယ်။ ကြင်နာမှု၊ နွေးထွေးမှုတွေ ပေးကြပါတယ်။ တစ်နေ့က လာစာရင်းပေးတယ်။ မနေ့က ခွဲစိတ်ရတယ်။ ဒီနေ့ကျတော့ ဖြည်ပေးတယ်။ ဖြည်ပေးတော့ အခု မျက်စိက မြင်သွားပြီ။ မြင်သွားတော့ ဝမ်းသာပီတိတွေ ဖြစ်တယ်။ ဝမ်းလည်းနည်းတယ်။ မျက်စိမြင်သွားရတယ်။ ခါတိုင်းဘုရားရှိခိုးတာတောင် ဘုရားဆင်းတုတော်ကို မဖူးရ၊ မမြင်ရဘူး။ အခုမြင်သွားရလို့ ဝမ်းသာတယ်။ ကိုယ့်ဘုန်းကြီးတွေ အိမ်ရှေ့က သွားလို့တောင် မဖူးရ၊ မမြင်ရဘူး။ အခုမြင်ရ၊ ဖူးရပြီ။ ဝမ်းသာတယ်။ အသက်ရှည် ကျန်းမာကြပါစေ။ ဘေးဘယာခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ။ လူတစ်ယောက်ရဲ့အလင်းရောင်ရရှိအောင် လုပ်ပေးတဲ့အတွက် သူတို့မိသားစုတင်မကဘူး တစ်တိုင်းတစ်ပြည်လုံးရော အားလုံးအသက်ရှည်ကျန်းမာကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဒေါ်အုန်းမေ (မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဇလွန်မြို့)**

